
Burmese
[DOH-8120]

# နားမကြားခြင်း နှင့် သင်၏ခလေး – နောက်တဆင့်

NSW ပြည်နယ်တွင်နေထိုင်သောမိသားစုများအတွက် နည်းပေး လမ်းညွှန်



NSW ပြည်နယ်တခွင် – ခလေး ငယ်များအားလုံး နား (ကြားနာမှု)စစ်ဆေးခြင်း အစီအစဉ်

NSW GOVERNMENT | Health

NSW ပြည်နယ်ကျမ်းမာရေးဌါန
73 Miller Street
North Sydney NSW 2060
ဖုံး (၀၂) ၉၃၉၁ ၉၀၀၀
Fax (၀၂) ၉၃၉၁ ၉၁၀၁
TTY. (၀၂) ၉၃၉၁ ၉၉၀၀ (ဖုံး လက်နှိပ်စက်၊နားမကြားသူ များအသုံးချသည့်ဖုံး)
www.health.nsw.gov.au

ဤ စာစောင်မှာမူပိုင် ရှိသော်ငြားလည်း၊ စာစောင် တခုလုံးဖြစ်စေ၊
တစိတ်တပိုင်းဖြစ်စေ၊ သင်ကြားပို့ချမှု အတွက် အသုံးချခွင့်ရှိပြီး၊ မူပိုင်ရှင်၏
အမည် ကိုဖေါ်ပြပြီးအသုံးပြုနိုင်သည်။စီးပွါးရေး ဖြစ်အတွက်အသုံးချခွင့်မရှိပါ။
အထက်ဖေါ်ပြပါ အသုံးချမှုမျိုး အခြား မည်သည့် ကိစ္စအတွက်မှသုံးခွင့်မရှိပါ၊
အသုံးပြု လိုလျှင် NSW ပြည်နယ်ကျမ်းမာရေးဌါန ၏ ခွင့်ပြုစာလိုအပ်ပါသည်။

© NSW ပြည်နယ်ကျမ်းမာရေးဌါန ၏မူပိုင်ဖြစ်သည်။
ISBN: ၉၇၈ ၁ ၇၄၁၈၇ ၁၃၈ ၈
SHPN: (PHCPB) ၀၇၊၁၁၁

ဤစာစောင်ကို နောက်ထပ်အပိုစောင်ရေလိုအပ်ပါက အောက်ပါ လိပ်စာ
ကိုဆက်သွယ်နိုင်သည်
Better Health Centre – Publications Warehouse
Locked Mail Bag 5003
Gladesville NSW 2111
Tel. (၀၂) ၉၈၁၆ ၀၄၅၂
Fax. (၀၂) ၉၈၁၆ ၀၄၉၂

ဤစာစောင်ကို အောက် ပါ NSW ပြည်နယ်ကျမ်းမာရေးဌါန ၏
ကွန်ပျူတာကွန်ယက်မှ ရနိုင်သည်။ www.health.nsw.gov.au

ဇူလိုင်လ ၂၀၀၇

# မာတိကာ


အပိုင်း ၁ ဤပြည်ာပေးလမ်းညွှန်စာစောင်ကိုမည်ကဲ့သို့သုံးမည်နည်း။

အပိုင်း ၂ သင့်မွေးကင်းစခလေးအတွက်လုပ်ဆောင်ပေးရန်အဆင့်

အပိုင်း ၃ နားကြားခြင်း နှင့် နားမကြားခြင်း

အပိုင်း ၄ မေးနေကြမေးခွန်းများ

အပိုင်း ၅ ခလေးနှင့်အဆက်အသွယ်လုပ်ခြင်း

အပိုင်း ၆ အထောက်အပံ့

အပိုင်း ၇ တုံးဆောက်တည် ခြင်း

အပိုင်း ၈ ပညာပေးလမ်းညွှန် နှင့် ထပ်မံသိသင့်သည့်အကြောင်းအရာ

# နိဒါန်း

*သင့်ဓါခလေးနှင့်နားမကြားခြင်း – နောက်တဆင့်။ ဤနည်းပေးလမ်းညွှန်ကို NSW ပြည်နယ်တခွင်ရှိတဲ့မိသားစုများအတွက် ပြုစုထားသည့်* Statewide Infant Screening — Hearing (SWISH) ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အစီအစဉ် ဖြစ်ပါ တယ်။ မိမိရင်သွေးများ နားလေးခြင်း၊ နား မကြားခြင်းဝေဒနာများ ခံစားတာတွေကိုကြုံတွေ့ ခဲ့ရင် ပြဿ နာ ကို ဘယ်လို ရင်ဆိုင်ဖြေရှင်းရမလဲဆိုတဲ့ လမ်းညွှန်မှုဖြစ် ပါတယ်။

## ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အစီအစဉ်။ The Statewide Infant Screening — Hearing (SWISH) Program

ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး (SWISH) အစီအစဉ် NSW သည် ပြည်နယ်အတွင်းရှိ(၃)လအောက်ခလေးများ နားမကြားတဲ့ ပြဿနာ – မပြုပြင်နိုင်တဲ့နားပင်းခြင်း၊ နား တဖက် သို့မဟုတ် နား ၂ ဘက်လုံး ပင်း မှုများ ကို ခလေး အသက် (၆) လ မပြည့်မှီ – လိုအပ်တဲ့ ကြိုတင် ကာကွယ်မှု၊ ကုသမှု၊ တားဆီးမှုသင့်တော်တဲ့ ဆောင်ရွက်မှု တွေ အစီအစဉ်ဖြစ်ပါတယ်။ ပြဿနာ ရှိမရှိ ဖေါ်ထုတ်ရန် မွေးကင်းစခလေးငယ်အားလုံးကို စစ် ဆေးပါသည်။

မွေးကင်းစခလေးများတွင် နားအာရုံ ပြဿနာ ရှိမရှိ စစ်ဆေးရန် စက်ပစ္စည်းများရှိပါသည်။ ကြိုတင်ပြီး ပြဿနာ တွေ့ဖို့ အရေးကြီး ပါသည်။ နားကမ်း နားမကြားတဲ့ ပြဿနာ ကို ကြိုတင် တွေ့ ရှိ ခဲ့ရင် ဆွံ့အ နား မကြား တာ ကို ခလေး (၆)လ မပြည့်မှီ ဆောင်ရွက်သင့်သည်များကို ဆောင် ရွက် နိုင် လျှင် – ဆွံ့အခြင်းမှကာကွယ်နိုင်သည်။ ခလေးငယ်ကို စကား ပြော တတ် အောင်ကျင့်ပေးနိုင်ပြီး အထူး ပညာပေးသင်တန်းများပို့ချ ဖို့ လိုအပ်ဖို့ နည်းပါး မည်

ဒေ သ ရပ် ရွာ ကျမ်းမာရေး ဌါနတိုင်းသည် SWISH တာဝန်ခံ များရှိ နေ ပြီး – စီစစ်၊ စစ်ဆေး ခြင်း – ဆောင် ရွက်စရာရှိသည်များကို ကြိုတင် ဆောင်ရွက်စီမံသွား နိုင် သည်။ ဤကဲ့သို့ စီမံဆောင်ရွက်ခြင်းအားဖြင့် တဦးခြင်း၏ ထူးခြားသော ပြဿနာကို မိမိတို့ ၏ ရပ်ကွက်ဒေသ အသီးသီး ၏ ကျမ်းမာရေး ဌါန တို့ တွင် လိုအပ်သလို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ SWISH တာဝန်ခံ များ သည် စီစစ်၊ စစ်ဆေးမှုများ၊ အကောင်းဆုံးရရှိနိုင်ရန် အထူးစစ်ဆေးသူများ၊ ပုဂ္ဂလိက ဆေးရုံ များ၊ ဆေးစစ်သူများငှါးယန်းခြင်းများ ပြုလုပ်ခြင်းအားဖြင့်အ ကောင်းဆုံးဆောင်ရွက်ပေးနိုင် သည်။ (တိုင်းရင်းသားနှင့်လူမျိုးခြားယဉ်ကျေးမှုဘာသ ာစကား လိုအပ်ချက်များပါထည့်သွင်းစဉ်းစား ဆောင် ရွက်သည်။)

စီစစ်၊စစ်ဆေးခြင်းအစီအစဉ် သည် NSW ပြည် နယ် တခွင်လုံး ၏ မွေးကင်းစခလေးငယ်အားလုံးတွေရဲ့ သောတအာရုံ ဦးဏှောက်ပင်စည် အလိုအလျောက် တုံ့ပြန်မှု စစ်ဆေးသည့်စက်ပစ္စည်း (AABR) ဖြင့်ခလေးအားလုံးကိုစစ်ဆေးသည်။ အကယ်၍ ခလေးတွေဟာ ဒီအဆင့်ကို မအောင်မြင်ဘူး ဆိုလျှင် ရောဂါ အရင်းအမြစ်ကိုရှာဖွေဖေါ်ထုတ်တဲ့ စီစစ်မှုအတွက် ညွှန်း ပါသည်။ မိဘအုပ်ထိန်းသူများ SWISH အစီအစဉ်နှင့်ပတ်သက်သည့် အကြောင်း အရာများ ကို အင်္ဂလိပ်ဘာသာ အပါအဝင် တခြား ဘာသာစကား (၁၆)မျိုးဖြင့် ဖတ်ရှုနိုင် ပြီး၊ ဤစာစောင်ကို ပုံနှိပ်ပြီး ဖြစ် စေ၊ သို့အဟုတ် ကွန်ပျူတာ ကွန်ယက် ကတဆင့်ဖြစ်စေ ဖတ်ရှုနိုင်ပါသည်။

နားအာရုံကြော ရောဂါ စစ်ဆေး ဖေါ်ထုတ် သည့် SWISH ဆောင်ရွက် မှု များကို တက္ကသိုလ်သင်တန်းပေးသည့်ခလေးဆေးရုံ (၃) ရုံတွင်ထားရှိ ပြီး ယင်းဆေးရုံ များသည် ပြည်နယ်တခုလုံးအတွက် ခလေးအထူး ကု အချက်အချာ ဌါနဖြစ်သည်။ မွေးကင်းစခလေးများသည် နားအာရုံကြော ရောဂါစစ်ဆေး ခံရပြီး လိုအပ်လျှင်လိုအပ်သလို သင့်တော်ရာ ကုသမှုကို ဝင်ရောက် ထောက်ကူ ညွှန် ပြ ခြင်းပြုသည်။ အကယ်၍မိဘများက ယင်းအထူးကုဆေးရုံများနှင့် ဝေးလံခဲ့လျှင် မိဘများကို တက္ကသိုလ်သင်တန်းဆေးရုံသို့သွားရောက်နိုင်ရန် ခရီးစရိတ် ပံ့ပိုးပေးသည်။

မွေးကင်းစခလေးများ စစ်ဆေး ပြီးသည့်အခါ နား ထိုင်းသည်ရောဂါ ပြင်းထန်မှု အပေါ်မူတည်ပြီး အရေးကြီး လျှင်ကြီး သလို၊ ရောဂါထူး ခြားလျှင် ထူးခြားသလို။ မိဘများစိတ်ကြိုက်စီစဉ်ပေးပါသည်။

# ဝေါဟာရအနက် အဓိပ္ပါယ်

## A

**Acoustic nerve အသံ နှင့် ပတ်သက်သည့်အကြော**
ဦးခေါင်းနှင့်သက်ဆိုင်သည့် ရှစ်ခု မြောက်အကြော။ နားကြားစေသောအကြောနှင့် မှခ် ကို ဆက်သွယ် ညှိချိန်ထားသည်။

**Acquired deafness နဂိုရ်မဟုတ်၊ နောက်မှရယူသည့်နားထိုင်းမှု**
မွေးကတည်းက နားထိုင်းခြင်းမဟုတ်၊ သူ့၏ တသက်တာအတွင်းဖွံ့ဖြိုးလာသည့် နား လေးခြင်းဖြစ်သည်။

**Amplification အသံချဲ့ခြင်း**
နားကြပ် သို့မဟုတ် အခြား အီလက်ထြောနစ် လျှပ်စစ် စက် ကရိယာအသုံးချ၍ အသံချဲ့ခြင်း

**Assistive Communication (listening) Devices ဆက်သွယ်ရေး (နားထောင်ရန်အတွက်) အထောက် အကူ ကရိယာများ**
နားကြပ် အပြင် နားလေးသောသူများကို အထောက်အကူပေးနိုင် သော ကရိယာများ။ ဥပမာ အားဖြင့် အသံချဲ့ထားသော တယ်လီဖုံး၊ တုန်ခါလှုပ်ရှားသော နာရီနှိုးစက်များ၊ သိုမဟုတ် ကြိုးကွင်းစနစ်များ။

**Atresia (aural) နားဂလိုူင်ပိတ်ဆို့ ချို့ယွင်းနေခြင်း (အသံနှင့်ဆိုင်ခြင်း)**
နား အင်္ဂါချို့ယွင်းနေပြီး၊ နားဂလိုင်ပပျောက်နေခြင်း၊ များသောအားဖြင့် အပြင်ဘက်နားအင်္ဂါ မပြည့်စုံခြင်း နှင့် နားအတွင်း အလယ်ပိုင်းဂလိုင် ကင်းမဲ့နေခြင်း။

**Audiogram သောတအာရုံ အတိုင်းအထွာ ဇယား**
နားကြားမကြားစစ်ဆေးပြီး အတိုင်းအထွာ ကိုစာရင်းဇယား နှင့် မှတ်တန်းပြုစုထားခြင်း။ ဇယား သည် လူ တဦးတယောက်စီ ၏ နားတဖက်စီ၊ အသံလှိုင်းများကို မည်မျှကြားနိုင် သည်ကိုတိုင်းထွာသည်။

**Audiological assessment/ evaluation သောတအာရုံ စီစစ်ခြင်း – တိုင်းထွာခြင်း**
သောတအာရုံ စစ်ဆေးခြင်းအမျိုးမျိုး၊ နား မကြားမှု၊ နားထိုင်းသည့် ပြင်းထန်မှု တိုင်းထွာခြင်း

**Audiologist သောတ အာရုံဆိုင်ရာကျွမ်းကျင်သူ**
သောတ နား နှင့် နားကြားမှုဆိုင်ရာ တွင် အထူးသင်တန်းတက်ထားသူ၊ နားမကြားမှု၊ နားထိုင်းမှု ဆိုင်ရာ အထူးကျွမ်းကျင်သူ

**Audiology သောတ နား နှင့် နားကြားမှုဆိုင်ရာ**
နား မကြားမှု၊နားထိုင်းမှု၊ နှင့် နားအာရုံပျက်စီး ချို့ယွင်းမှု

**Auditory Brainstem Response (ABR) test နားအာရုံနှင့် ဦးနှောက်ပင်စည်တုံ့ပြန်မှု (ABR) စစ်ခြင်း**
ခလေးများနှင့်ခလေးငယ်များ (အိပ်နေစဉ်) အရှိအတိုင်း – နားအာရုံအလုပ် –လုပ်မလုပ်– စစ်ဆေးခြင်း။ ခလေး၏ဦခေါင်း အရည်ပြားပေါ်တွင် လျှပ်စစ် တိုင်းထွာ နည်း (EEG) ဖြင့် ခလေး ၏ နားအာရုံကြော က အသံ ကို တုံ့ပြန်သည့်နှုန်း ကိုတိုင်း ခြင်းဖြစ်သည်။ အခြားအခေါ်အဝေါ် များမှာ ဦးနှောက်ပင်စည်လှုံ့ဆော်မှု တုံ့ပြန်ခြင်း (BSER)၊ ဦးနှောက်အာရုံကြားနာမှု ကိုလှုံ့ ဆော် နိုင်သည့် အရည်အချင်း (BAEP)။ ဦးနှောက်ပင်စည် နှင့် ဦးနှောက်အာရုံကြော လှုံ့ဆော်မှု အပေါ်တုံ့ပြန်မှု (BAER)

**(Automated) Auditory Brainstem Response ([A]ABR) (အလိုအလျှောက်)နားအာရုံကြော ဦးနှောက်ပင်စည် တုံ့ပြန်ခြင်း ([A]ABR)**
ဦးနှောက်ပင်စည် တုံ့ပြန်မှု စစ်ဆေး ခြင်းနှင့်တူ သည် (ABR) (အထက်တွင်ဖေါ်ပြသည့်အတိုင်း)၊ ကွာခြားသည် မှာ ရလဒ်လှိုင်း ပုံစံ ကို သတ်မှတ်ထားသည့်၊ လိုအပ်သည့် တိုင်းထွာချက် ဖြစ်သည်။

**Auditory Neuropathy/ Dysyncrony (AN/AD) နားအာရုံကြောနှင့်ဦးနှောက် အပ်စပ်မှု (AN/AD)**
စစ်ဆေးနည်းပုံစံကိုဆိုလိုခြင်းဖြစ်သည်။ AN/AD ဖြစ်ခြင်း ဆိုသည်မှာ – အသံသည် သာမန်နားထဲသို့ဝင်ပြီး၊ အတွင်းနားမှ အသံသည် ဦးနှောက်သို့ သာမန် မသွားရောက်နိုင်ခြင်းကို ဆိုလိုသည်။

## B

**Bilateral hearing loss နား(၂ ) ဘက်လုံးကမ်းခြင်း**
နား အာရုံကြော (၂)ဘက်လုံး

**Binaural နား ၂ ဘက် လုံး**
နား ၂ ဘက်လုံးနှင့်သက်ဆိုင်သည်

# ဝေါဟာရအနက် အဓိပ္ပါယ်

## C

**Canal, ear ဂလိုင်၊ နား**
နားရွက် နှင့် နားခင်ကိုဆက်ထားသော ဂလိုင်၊ အသံလှိုင်းများ ဖြတ်သည့်နေရာ

**Cerumen နားဖါချေး**
ဖယောင်းနှင့်တူသည့် အညိုရောင် (နားဖါချေး) နား၏အပြင်ပိုင်း ဂလိုင်၏ (၃) ပိုင်း (၁) ပိုင်းအကွာအဝေးလောက် တွင် ထွက်ရှိသည့် အရာ

**Cochlea နားကြာပ်**
နားအတွင်းပိုင်း ရှိ ခရု ပုံစံ ပြွန်။ အသံများကို အကြောခံ အောင်ပြောင်းလဲပြီး ဦးနှောက်သို့ပို့ ပေးသည်

**Cochlear implant နားကြာပ်ကိုနားထဲတပ်ပေးခြင်း**
ခွဲစိတ်ခြင်းအားဖြင့် နားအတွင်းထဲသို့ နားကြာပ်တပ်ဆင် ပေး ခြင်းသည်၊ အသံကလှုံ့ဆော်ပေးသော နဗ်ကြောများပျက်စီးသောနေရာတွင် ဝင်ရောက်လှုံ့ဆော်ပေးပြီး – နားထိုင်းသူ များ၊ နားပင်းသူများ ကို အသံများ စကားသံ များ ကိုခွဲခြားပေး သည်။

**Conductive hearing loss နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း**
နားပင်းခြင်း(၃)မျိုးထဲက တ မျိုးတစားဖြစ်သည်။ (နားပင်းခြင်းအကြောင်း ကိုကြည့်ပါ။

## D

**Decibel အသံ၏အတိုင်းအတာ**
အသံ၏အတိုင်းအတာ (၁) ယူနစ်ဖြစ်သည်။ အသံတိုင်းသည့် အခါ dB သည် အသံ၏ ကျယ်မှု၊ သို့မဟုတ် ပြင်းထန်မှုကို တိုင်းသည်။ လေသံဖြင့်ပြောသောစကားသံဆို လျှင် ၂၀ dB ရှိ ၏။ တယ်လီဖုံးမြည်သံဆိုလျှင် ၈၀ dB ရှိ၏။ ဂျက် လေယဉ် ထွက်သည့် အသံ သည် ၁၅၀ dB ရှိ၏။

**Diagnostic audiologic evaluation နားကြားမှုချင့်ချိန်တိုင်းတာခြင်း**
နားကြားမှုချင့်ချိန်တိုင်းတာခြင်း ဆိုသည်မှာ သောတ အာရုံဆိုင်ရာကျွမ်းကျင်သူ က လူတဦး ၏ နားကြားမှုအခြေ အနေ ကို တိုင်းတာခြင်းဖြစ်သည်။ ဤစစ်ဆေးခြင်းသည် ၄င်းလူ၌ နားကြားမှုပြဿနာ ရှိမရှိ ကိုတိုင်းတာပြီး နားမကြားသည့်ပြဿနာရှိ ပါ က မည်မျှအခြေအနေ ရှိနေသည် ကို အညွှန်း ပေး သည်။

## E

**Ear, external နား – အပြင်ပိုင်း**
နား ၏ အပြင်ပိုင်းဆိုသည်မှာ၊ နားရွက် (ပြင်ပမှမြင်နိုင်သည့်အပိုင်း)၊ နားဂလိုင်နှင့် နားခင်တို့ကိုဆိုလိုသည်။

**Ear, inner နား – အတွင်းပိုင်း**
နားအတွင်း လခြမ်းပုံသဏ္ဍာန် မြောင်း၊ နားအတွင်း ပိုင်းအခင်းအဝိုင်းကလေး၊ နား အပေါက် ၂ဘက် နှင့် နားကြာပ်တို့ပါဝင်သည်။

**Ear, middle နား၊ ခလယ်**
နား ခင်၏ အရိုး သေး ၃ချောင်း ပြွန်သေးလေးများ ပါဝင်သည်။

**Earache နားကိုက်ခြင်း**
နား၏မည်သည့်နေရာမဆို နာကျင်ခြင်း။ နားနှင့်ပတ်သက်၍ နာ ကျင်ခြင်း ကိုဆိုလိုသည်။

**Eardrum နားခင်**
နားခင်ဆိုသည်မှာ၊ နားဂလိုင်နှင့် နားခလယ် ကြားမှာ ခြားထားတဲ့ ရှခင် ဖြစ်သည်။

**Ear specialist နားအထူးကု ကျွမ်းကျင်သူ**
နား၊ နှခေါင်း နှင့် လည်ချောင်း အထူးကု ဟုခေါ် လေ့ရှိသည်။

**Ear wax နားဖါချေး**
နား၏အပြင်ပိုင်းဂလိုင်တွင်း ကနားဖါချေးဖြစ်သည်

**Eustachian tube လေပြွန်သေး**
အတွင်းနား၏ မြောင်း နှင့် အာခေါင် အနောက်ဖက် ကြားတွင် ရှိ ပြီး၊ အတွင်းနားမှလေများ ကို ဝင်စေ ထွက်စေသည်။ ဤပြွန်မှ နေ၍ အတွင်းနားနှင့် နားခင် ၏ပြင်ဘက် လေဖိအား ညီမျှအောင် ညှိ ပေး သည်။

## F

**Feedback ဝင်လာသည့်အသံ**
နားကြပ်တပ်ထား သည့်အခါဝင်လာသည့်အသံ

**Frequency လေလှိုင်း**
နား၏ အသံ အ နိမ့်အမြင့် ဟု စိတ်သ ဘော အ ဖြစ် နားလည် ကြ သည်၊ လေ လှိုင်း အတိုး အကျယ်၊ အနိမ့်အမြင့် ကို ဟာဆ် (Hz) သို့မဟုတ် ကီလိုဟာဆ် (kHz) ဖြင်းတိုင်းထွာသည်။ ၁၀၀၀ဟာဆ်(Hz) သည် (1) ကီလို ဟာဆ် (kHz) ဖြစ်သည်၊

## G

**Genetic deafness မျိုးရိုးဗီဇ နားပင်းခြင်း**
ဗီဇမျိုး စေ့ မှတဆင့် သက်ဆင်းလာသည့် နားပင်းမှု

**Glue ear နား ပြေ တည်ခြင်း**
နားခလယ်တွင်ဖြစ်တတ်သော နား အနာ ရင်းခြင်း။ ကော်ကဲ့သို့ အရည်များသည် အနာ ရင်းခြင်းပျောက်ကင်းသော်လည်း အခေါင်းထဲတွင် အရည်ကျန် နေခြင်း။ အရည်ကျန်နေလျှင် အပြင် နားမှ အတွင်းနားသို့ အသံသွား ရောက်ရန် ခက်ခဲ သည်။

**Grommets ပလပ်စတစ်ပြွန်သေး**
နားထဲ တွင် ကျန် ရစ် နေ သော အရည် များ ကိုစိတ်ထုတ်ရန် ထဲ့ပေး ရ သော ပြွန် သေး

## H

**Hair cells နားကြားရန် အထောက်အကူ ပြုစက် ကရိယာ**
နားအတွင်းရှိ ဆံပင်ချည် များနှင့်တူ သည့် အမွှေးများ သည် အသံလှိုင်း များ ကို လျှပ်စစ် ခံ ခြင်း အဖြစ်ပြောင်းလဲပြီး ဦးဏှောက် သို့ သောတ နာ်ကြော မှတဆင့် အသံ ကိုပို့ ပေးခြင်းဖြစ်သည်။

**Hearing aid နားကြားရန် အထောက်အကူ ပြုစက် ကရိယာ**
နားမကြားတော့သူများ အတွက် အသံချဲ့ ပေးသည့် လျှပ်စစ်စက် ဖြစ်သည်။

**Hearing aid, Behind-the-Ear (BTE) နား၏နောက်တွင် နားကြားရန်ပြုပေးသည့် အထောက်အကူ ပြုစက် ကရိယာ (BTE)**
နားကြား ရ အောင် အထောက်အကူပြုသည့် ကရိယာကို နားနောက်တွင် ထားပြီး ပြွန်သေး ဖြင့် နားတွင်း သို့ အသံ ပို့ပေး ပြီး ခလေးတဦးခြင်းစီ ၏နား နှင့် တော်အောင် ပြုလုပ်ထား သည်၊

**Hearing aid, Completely-in-the-Canal (CIC) နား၏အတွင်း မြောင်း ထဲ တွင် နားကြားရန် ပြု လုပ် ပေးသည့်စက် (CIC)**
အင်မတန်မှ သေးငယ်၍နားအတွင်းထဲ ရှိ မြောင်း ထဲ သို့ ထဲ့ထား နိုင်သော စက် ကရိယာ ဖြစ် သည်။ သာမန် နား ကြားမှု ရရှိ နိုင် ရန်၊ အနီး စပ်ဆုံး ပြု လုပ် ထားသည်။ ဤ ကရိယာ ကို ဝတ်ဆင် သူ ၏ နား နှင့် ပုံစံ ယူ တိုင်းထွာ ပြု လုပ် ပေး သည်။

**Hearing aid, In-the-Ear (ITE) နား၏အတွင်း တွင် နားကြားရန်ပြုပေးသည့်စက် (ITE)**
နား ကြားအောင် ပြု လုပ် ပေး သည့် ကရိယာ နား ၏ အပြင် ပိုင်း တွင် တပ်ဆင် ရ သည်။ ဤ ကရိယာ ကို ဝတ်ဆင် သူ ၏ နား နှင့် ပုံစံ ယူ တိုင်းထွာ ပြု လုပ် ပေး သည်။

**Hearing loop system ဓါတ်ကြိုးသွယ် သည့် နား ကြား စနစ်**
နား ကြားရ အောင် အထောက်အကူပြု သည့် စနစ်ဖြစ် ပြီး မိုက်ခွက်၊ အသံ ချဲ့စက်၊ လျှပ်စစ်ကြိုး ပါ ဝင် ပြီး လည်ပင်း ပေါ် တွင် ချိတ် ဆွဲ ရ သည် သို့ မဟုတ် အခန်း တွင်း ဆက်သွယ် ထား ရှိ နိုင် သည်။ အသံများ သည် နား ထောင် သော အသံ ချဲ့ကရိယာ ဝတ်ဆင်ထားသူ ထံ ဘေးပတ်ဝန်းကျင် အသံ များ မ ပါ ဘဲ အနည်း ငယ်ဝေး သော နေ ရာ များ မှ အသံ များ ကို ဖမ်း ယူ ပို့ ပေး နိုင် သည်။



နိုင် ငံ တ ကာ နား မကြား သူ များ အတွက် ထား ရှိ သည့် သင်္ကေတ အမှတ် သည် ၄င်း ဓါတ်ကြိုးသွယ် သည် နား ကြား စနစ် ရှိ ရာ လူထု အများ သွားလာ သည့် နေ ရာ များ တွင် ပြ သ ထား သည်။။

**Hearing loss, conductive နား မကြား ခြင်း၊ အသံဖိအားချို့ ယွင်းခြင်း**
သာမန် လေဖိ လှိုင်း အား ပေးသည့် အတိုင်း လေဖိ အား ပေး ခြင်း မပြု နိုင် သည့် အခါ နားမ ကြား ရ ဖြစ်သည်။ ဤကဲ့သို့သော ချို့ယွင်းမှုမျိုး သည် များ သော အားဖြင့် ခွဲစိတ်ကု သမှုနှင့်ပျောက်ကင်းနိုင် သည်။

# ဝေါဟာရအနက် အဓိပ္ပါယ်

**Hearing loss, mixed နား ထိုင်းခြင်း – ပုံ စံမျိုး စုံ**
လေဖိအားလှိုင်းချို့ယွင်းခြင်း နှင့် ခံစားမှု ကင်းမဲ့သည့် ပေါင်းစပ် နား ထိုင်းခြင်း

**Hearing loss, sensorineural နားထိုင်းခြင်း – ခံစားမှုကင်းခြင်း**
နား သောတအာရုံ ကြော ချို့ယွင်း မှု တမျိုး ဖြစ်ပြီး – နား ကြာပ် တွင် ပျက်စီး မှု ဖြစ်နေခြင်း၊ ဤပျက်စီး မှု မျိုး ဖြစ်ခဲ့လျှင် များ သော အား ဖြင့် ကု သ ၍ မ ရ ပါ။

**Hertz (Hz) ဟာဆ်**
နား ကြားမကြား စစ်ဆေး စမ်း သပ် သည့် အခါ အ သံ ၏ အနိမ့် အမြင့် ကို ဟာဆ် Hertz (Hz) ဖြင့် တိုင်း ထွာ သည်။ ဟာဆ် Hertz (Hz) ၁၀၀၀ ဆိုလျှင် အလွန်မြင့်သည့် လှိုင်းဖြစ် သည်။

**Hearing screening နားကြားမှု စစ်ဆေးခြင်း**
နား ကြားမကြား ကို စစ် ဆေး သည့် အခါတွင် သာမန်အားဖြင့် ကြားမကြား ကို စစ် ဆေး သည်။ နား ကြား မှု စစ် ဆေး ခြင်း သည် မည် သည့် အတွက်ကြောင့် နား မကြား သည် ကို စစ် ဆေး ဖေါ်ထုတ်ခြင်းနှင့် ကွာ ခြား သည်။ သာမန် အား ဖြင့်နားမကြား သည် ကို စစ် ဆေး တွေ့ ရှိ လျှင်၊ နောက် တ ဖန်၊ ပြန် လည် စစ် ဆေး ရ သည်။ နောက် တဖန် စစ် ဆေး ပြီး လို အပ်လျှင် လို အပ် သလို နားကြားမှုချင့်ချိန်တိုင်းတာခြင်း ပြု လုပ် ရန် အ ညွှန်း ပေး လေ့ရှိ သည်။

## I

**Impression ပုံ လောင်း ရန် ပုံ စံ**
နား ၏ အ တွင်း ရှိ ဂှိုင့်များမြှောင်းများ ကို ပုံစံယူပြီး နား အတွက် ပုံ လောင်း ရန် ပုံ စံခွက် နား၏နောက်တွင် နားကြားရန်ပြုပေးသည့်စက် (BTE) အ တွက်၊ သို့မဟုတ်၊ နား၏အတွင်း တွင် နားကြားရန် ပြုပေးသည့်စက် (ITE, ITC) နှင့် နား၏အတွင်း မြောင်း ထဲ တွင် နားကြားရန် ပြု လုပ် ပေးသည့်စက် (CIC) များ အတွက် ပုံလောင်း ရန် ပုံ စံ ကို ဆို လို သည်။ ပုံ လောင်း ရန် ပုံ စံ များ သော အား ဖြင့် နား အတွင်း မြှောင်း ထဲ သို့ ထည့် ရန် ပျော့ပြောင်းသည့် စီလီကွန် ဝတ္ထုများနှင့် ပြု လုပ် လေ့ရှိ သည်။

## L

**Lip read နှုတ်ခမ်း လှုပ် မှု ကို ကြည့် ၍ အသံကိုဖတ်ခြင်း**
စကားပြောသူ ၏ စ ကား ကို နားလည် အောင် နှုတ်ခမ်း လှုပ် မှု ကို ကြည့် ၍ အသံကိုဖတ်ခြင်းဖြစ် သည်။ ယ္ခု အခါတွင် နှုတ်ခမ်း လှုပ် မှု ကိုဖတ်ခြင်း၊ မျက်နှာ နှင့် ကိုယ် နှုတ် ဟန် အမူ အရာ ကို ကြည့်၍ အဆက် အသွယ် ပြု လုပ် ခြင်း။

## M

**Microtia နားအင်္ဂါချို့ယွင်းခြင်း**
နားအပြင်ဘက်တွင် အသပိုများပေါက်ခြင်း၊ အရည်ပျားများ အနေ အ ထားမ မှန်ခြင်း မှ စ ၍ နား ရွက် လုံး ဝ မပါ ခြင်း တို့ ဖြစ် သည်။

**Mixed hearing loss ရောထွေးနေသော နား မကြားခြင်း**
နား မကြားခြင်း (၃) မျိုး ထဲ က တ မျိုး ဖြစ် သည် (အထက် တွင် ဖေါ် ပြထား သော နား ထိုင်းခြင်း – ပုံ စံမျိုး စုံ) ကို ကြည့် ပါ။

## N

**Nerve, cochlear နဗ်၊ နား ကြာပ်**
ရှစ် ခု မြောက် နဗ် အာ ရုံ ကြော အကိုင်းသည် နားကြာပ် မှ လာ ၍ အသံ လှုံ့ဆော်မှု ကို ဦး နှောက် သို့ ပို့ ပေး သည်။

## O

**Ossicles နား အရိုး နု**
ခလယ် နား တွင် ရှိ သော အ ရိုး နု သည် အ သံ များ ကို နား ခင် သို့ ဘဲဥ ပုံ အပေါက် မှ တဆင့် ပို့ ပေး သည်။ ၄င်း တို့ ကို တူ (နားတွင်း ရှိ တူ နှင့် တူ သော အ ရိုး) ၊ ပန်းပဲပေ (နား တွင်း ရှိ ပန်း ပဲပေ နှင့် တူ သော အ ရိုး)၊ မြင်းစီးခြေနင်းကွင်း (နားတွင်း ရှိ မြင်းစီးခြေနင်းကွင်း နှင့် တူ သော အ ရိုး)

**Otitis နား ယောင် ခြင်း**
နား ယောင် ယမ်းခြင်းများ ကို ဆို လိုသည်။

**Otitis Media (OM) နားယောင်ခြင်း၊ နား အနာဖြစ် ခြင်း (OM)**
နား ခလယ် တွင် အနာ ဖြစ် ခြင်း။ နား အ နာ ခဏ ခဏ ဖြစ် တတ် သော ခ လေး များ သည် နား ပင်း မှု များ မကြာခဏ ဖြစ် တတ် သည့် အတွက် ဘာသာ စကား ပြော တတ် မှု နှောင့် နှေး တတ် သည်။

**Otoacoustic Emissions (OAE) အသံလှိုင်း ထွက် လာ သည် ကို တိုင်း ခြင်း**
မိုက်ခွက်ဖြင့် နား ၏ ဂလိုင် မြှောင်း ထဲ မှ အ သံ လှိုင်း များ ထွက် ရှိ မှု နှင့် နားကြာပ် မှ ခလုတ် သံ များ၊ ပွင့် ထွက် သည့် အ သံ လေး များ ကို တုံ့ပြန် ပုံ ကို ကြည့် သည်။

# ဝေါဟာရအနက် အဓိပ္ပါယ်

## P

**Perforated eardrum နားကြပ်ပေါက်သွား ခြင်း**
ရောဂါကြောင့် သော် ၄င်း။ ဒါဏ် အနာ ရ မှု ကြောင့် ၄င်း နား ကြပ် ပွန်း သွား ပေါက် သွား ခြင်း။

**Pinna နား ရွက်**
ဦးခေါင်း ၏ နံ ဘေး ထွက် နေ သော နား ၏ အ ပိုင်း ကို ဆို လို သည်။

**Profound deafness လွန်မင်း စွာ နား ထိုင်း ခြင်း**
နား အာရုံကြော ထိုခိုက် မှု လွန်း မင်း၍ လုံး ဝ နား ပင်း သည် အ ထိ ဖြစ် ခြင်း

**Pure tone အ သံ သက် သက်**
အ သံ သက်သက် ဟူ သည် မှာ အခြေ ခံ နား စစ် ဆေး မှု တွင် အ သုံး ချ သည့်၊ တ ညီ ထဲ အ ဆက် မပြတ် သည့် အ သံ ကို ဆို လို သည်။

## R

**Risk factor စိုးရိမ်စ ရာ**
မွေးလာသည့် ခလေး တွင် နား မကြားခြင်း ဖြစ် ပေါ် လာ စေ နိုင် ဖွယ် ရာ စိုးရိမ်စရာများ ။ ၄င်း တို့မှာ မိသားစု ရာဇဝင်တွင် နား ထိုင်းသည့် ရာဇဝင် ရှိ ခြင်း။ ဦးဈောက်၊ ကျော နှင့် အာရုံ ကြော (၃) ကြောယောင်ရမ်း သည့် ရော ဂါ၊ မွေးကတည်း က ပါ သည့် ရောဂါ၊ မွေးသည့် အခါ တွင် ကိုယ် အလေးချိန် အလွန် ပေါ့ ခြင်း တို့ ပါ ဝင် သည်။

## S

**Statewide Infant Screening-Hearing (SWISH) ပြည်နယ် လုံး ကျွတ် ခလေးများအားလုံး ကို နား ကြားမကြား စစ် ဆေးခြင်း**
ပြည် နယ် တခု လုံး မွေး ပြီး စ ခလေး အား လုံး ကို မွေး ပြီး ရက် ပိုင်း အတွင်း နား ကြား မကြား စစ် ဆေး ပေး ခြင်း အ စီ အ စဉ်

**Severe deafness အလွန် အမင်း နား ထိုင်း ခြင်;**
နား ကြား အောင် အ ထောက် အကူ ပြု သည့်ကရိယာ လို အပ် သည့်အဆင့် အထိ နား မကြား ခြင်း

**Sign language ဟန်အမူ အရာ ပြ ဘာ သာ စကား**
နား ထိုင်း သူ များ နှင့် အ ဆက် အ သွယ် အ ထောက် အကူ ပြု ပေး နိုင် သော တည် ထွင်ထား သော ဟန် အမူ အ ရာ ပြ ၍ ပြော သော စနစ် ဖြစ် သည်။ လက်ဖြင့် စာ လုံး ပေါင်း ပြ ခြင်း နှင့် မ တူ ပါ။

**Stethoclip နား ကြားကရိယာ ကို စစ် ဆေး သည့် ကရိယာ**
နား ကြား အောင် ထောက်ကူ ပေး သည့် ကရိယာ ကောင်းမကောင်း ကို စစ် ဆေး ခြင်း ဖြင့် နား ထိုင်း သူ က ၄င်း ကရိယာ ကောင်းမကောင်း ကို စစ် ဆေး နိုင် သည်။

## T

**Tympanic membrane နားခလယ် မှ အမှေး ပါး**
နားကြပ် အနက် အဓိပ္ပါယ် ကို ကြည့် ပါ။

## U

**Unilateral hearing loss နား တဖက်ထဲပင်းခြင်း**
နား တဖက် ထဲ မကြား သည် ကို ဆို လို သည်။

# ဤ အ ညွှန်း ကို မည်ကဲ့ သို့ အသုံး ချ မည် နည်း ?

## အ ညွှန်း ဆိုတာ ဘာ လဲ?

အညွှန်းဆို သည် မှာ သင့် ခလေး က နား မကြားဘူး လို့ စစ် ဆေး တွေ့ ရှိ ခဲ့ ရင် အ သုံးချ ဖို့ ပေး ထား သည့် အညွှန်း စာဖြစ်သည်။ ဤ အညွှန်း တွင် အပိုင်း (၂) ပိုင်းပါ သည်။ အဓိက စာညွှန်းမှာ သင့် အတွက် လာ မည့် လ တွေ အတွင်း သိ ဖို့ လို အပ် သည့် အကြောင်း အ ရာ များဖြစ်သည်။

စာ ရွက် ငယ် များ မှာ၊ ပလပ်စတိတ် အိတ် နှင့် ထည့် ထား ပြီး၊ ခလေး ရဲ့ ကျမ်းမာ ရေး မှတ်တန်း စာ အုပ် နှင့် အ တူ ပူး တွဲ ထား ပေး ရ မည် ဖြစ် သည်။

## မာတိကာ

အညွှန်း ၏ အဓိက အပိုင်း သည် သင့် အတွက် သိသင့် သည့် အကြောင်း အရာ များဖြစ် ပြီး အိမ် တွင် ဆောင် ထား ရန် ဖြစ် သည်။ ၄င်း ထဲတွင် ပါ ဝင်သော အကြောင်းများ မှာ

- နား ကြား ခြင်း နှင့် နား မကြား ခြင်း
- တွေ့ ဆုံ ရ မည့် ကျွမ်းကျင် ပ ညာ ရှင် များ
- ခလေး နှင့် ဆက်သွယ် ရေး ဘယ် လို လုပ်မလဲ
- နောက်ထပ် ပို သိ ချင် ရင် ဘယ် မှာ ရှာ တွေ့ နိုင် လဲ
- သင် သိ ဖို့ လို အပ်တဲ့ ဝေါဟာ ရ အ သုံး အ နှုန်း

ပေး ထား သော ဖိုင်တွဲ ထဲ တွင် အကြောင်း အ ရာ တခု စီ ကို ဖေါ် ပြ ထား သည်။ သင် သိ လို သော မေး ခွန်း အား လုံး ကို ဖြေ ပေး နိုင် မှာ မ ဟုတ် ပေ မဲ့ နား လည် လေ မေး ခွန်း ပို မေး တတ် မှာ ဖြစ် ပြီး ၊ နောက် ထပ် သိ လို တာ တွေ ဘယ် မှာ အ ဖြေ ရှာ ရ မ လဲ ကို ပို နား လည် မှာ ဖြစ် သည်။

ဤ ပညာ ပေး သည့် အ ညွှန်း ကို နား မကြား တော့ ဘူး လို့ သိ လာ တဲ့ မိ ဘ များ က နေ – မေး ခွန်း များ မေး လာ တာ များ ကို ပြု စု ထား သည့် အ ညွှန်း ဖြစ် သည်။

## မိဘ များ အတွက် အကြံ အဉါဏ် နှင့် အ ထောက် အ ကူ

ဤ အ ညွှန်း ကို နား မ ကြား သည့် ခလေး များ ၏ မိဘ များ နှင့် အ တူ ပူး ပေါင်း ၍ ပြု စု ထား သော ပညာပေး စာ ညွှန်း ဖြစ် သည်။ ၄င်း မိ ဘ တို့ က သူ တို့ ၏ ကိုယ် ပိုင် အတွေ့ အကြုံ များ ကို မျှ ဝေ ထား ခြင်း ဖြစ် သည်။

အ ပိုင်း (ဂ) –– တည် ဆောက် ခြင်း ဟူ သည် မှာ မိဘ အခြင်း ခြင်း လမ်း ညွှန် ပေး ခြင်း ဖြစ် သည်၊ နား မကြား သည့်ခလေး မိ ဘ များ က ဘ၀တူမိဘများ အတွက် ရေး သား ထား ခြင်းဖြစ် သည်။

## ဤ ညွှန်း တန်း ဖိုင် တွဲ ကို သိမ်းထားပြီး လို အပ်လျှင် လို အပ် သလို အကြောင်း အ ရာ အ သစ်များ ကို ဖြည့် နိုင် သည်။

သင် ၏ ခလေး ငယ် နား မ ကြား ဘူး လို့ သိ တာ နဲ့ တပြိုင် နက် ထဲ၊ ခလေး ရက် သား အ ချိန် က နေ လ ပိုင်း များ အ ထိ အ သုံး ချ သွား နိုင် တဲ့ ညွှန်း တန်း ဖြစ် သည်။ ခလေး ကြီး လာ တာ နဲ့ အ မျှ ဤ ညွှန်းတန်း ကို ဆက်လက် ထိန်းသိမ်း ပြီး အတွေ့ အကြုံ သစ် များ ကို ဖြည့် စွက် သွား မည် ဟု မျှော် လင့် သည်။

ဤ ဖိုင် တွဲ ထဲ တွင် ခလေး ၏ အကြောင်း အရာ များ စု စည်း ထား ခြင်း အား ဖြင့် ခလေး ၏ နား မကြား သည့် အကြောင်း အ ရာ များ အား လုံး တ နေရာ ထဲ တွင် သိမ်း စည်း ထား နိုင် ပြီး၊ နောက် နောင် ကို လဲ ပြန် လည် ပြီး ကိုး ကား အသုံးချ နိုင် သည်။

နောက်ထပ် ရရှိ သော အ ကြောင်း အရာ ပညာ ပေး အ ညွှန်း စာ ရွက် သစ် များ ကို အ ပိုင်း (ဇ) နောက် ထပ် ရ ရှိ သော ပညာ ပေး အ ညွှန်း အဖြစ်ထား ရှိ နိုင် သည်။

# ဤ အ ညွှန်း ကို မည်ကဲ့ သို့ အသုံး ချ မည် နည်း ?



## မိမိ၏ ကိုယ် ပိုင် မှတ်တန်း – ကျွန်တော်၊ကျွန်မ ၏ ဦး ဆုံး ကျမ်း မာ ရေး မှတ် တန်းများ

စာ ရွက် ငယ် များ မှာ၊ ပလပ်စတိတ် အိတ် နှင့် ထည့် ထား ပြီး၊ ခလေး ရဲ့ တဦးခြင်း ကိုယ် ပိုင် ကျမ်းမာ ရေး မှတ်တမ်း စာ အုပ် အ တွက် ဖြစ် သည်။ ကျွန်တော်၊ကျွန်မ ၏ ပထမဦး ဆုံး ကျမ်း မာ ရေး မှတ် တန်း စာ အုပ်ဖြစ် သည်။

ကိုယ် ပိုင် ကျမ်းမာ ရေး မှတ် တန်း စာ အုပ် သည် မိ မိ ၏ ကိုယ် ပိုင် ကျမ်းမာ ရေး မှတ် တန်းစာ အုပ် ဖြစ် သည်။ ခလေး ၏ ဖွံ့ဖြိုး ရေး ရာ ဇဝင် မွေး ကင်း စ မှ ကျောင်း နေ သည့် အ ထိ မှတ် တမ်းဖြစ် သည်။ ခလေး ဖွံ့ ဖြိုး ရေး အ ဆင့် ဆင့် တွင် ဆေး ထိုး ဆေး စစ် သည့် မှတ် တမ်း များ ပါ ဝင် သည်။

မိမိ ခလေး ၏ မှတ်တန်း စား အုပ် ထဲ ကို ထည့် ပေး ရ မည့် မှတ်တန်း စာ ရွက် များ မှာ နား မကြားမှု နှင့် အ ထူး ပတ် သက် နေ သည့် စာ ရွက် များဖြစ် သည်။

မိမိ ခလေး ၏ မှတ်တန်း စား အုပ် ကို ခလေး နှင့် ပတ် သက် ၍ ရက် ချိန်း တိုင်း ယူ သွား ရ မည့် စာ အုပ် ဖြစ် သည်။ ဆရာ ဝန်များ၊ အထူး ကု သမား တော်ကြီး များ၊ အခြား ကျမ်းမားရေး ဝန် ထမ်း များ နှင့် တွေ့ ဆုံ သည့် အ ခါ တိုင်း တွင် ယူ ဆောင် သွား ရ မည် ဖြစ် သည်။

ဤ စာ ရွက် များ သည် သင့် အ နေဖြင့် ဖြည့် ပေး ရ မည့် ကွက် လပ်များ ပါ ဝင် သည်။

- ရောဂါရှာဖွေတွေ့ရှိ ခြင်းနှင့် ပတ် သက် သည့် အကြောင်း အရာများ – ဤ အကြောင်း အ ရာ ကို ခလေး ၏ သောတ အာရုံဆိုင်ရာကျွမ်းကျင်သူ က ပေး သူ က ဖြည့် ပေး ရ မည်။  ခလေး ၏ နား မကြားမှု နား (၂) ဘက် လုံး နှင့် ပတ်သက် ၍ အတိုင်း အတာ မည် မျှဆိုး သည် ကို မှတ် တန်း တင် ထား သည်။ မည် ကဲ့ သို့ ဆောင် ရွက် ရ မည့် အကြောင်း များ ကိုပါ မှတ်တန်း တင်ထား သည်။
- ဆေး ကု သ ပေး သူ များ – ဤ နေ ရာ တွင် ခ လေး အား ဆေး ကု သ ပေး သော ဆ ရာ ဝန် များ၊ အ ထူး ကု များ အ စ ရှိ သည် တို့ ၏ နာမည် နှင့် ဖုံး နံ ပါတ် များ မှတ် ရန် ဖြစ် သည်။
- ပြက္ခဒိန် အချိန် ဇယား – နောက် နှစ် တ နှစ် လုံး ခ လေး အ နေ ဖြင့် သွား ရောက် ရ မည့် ရက် ချိန်း များ အား လုံး ကို တနှစ် စာ လုံး မြင် နိုင် သည်။
- ငွေစါရင်း ဇရား – ခလေး နား မ ကြား သည့် ကိစ္စ နှင့် ပတ် သက် ၍ ကုန် ကျ သမျှ စါ ရင်း ထား ခြင်း ဖြင့် ခလေး နား မကြား မှု နဲ့ ပတ် သက် ပြီး မည် မျှ ကုန် သည် ကို သိ နိုင်သည်။ နား သောတ အာရုံ နှင့် ပတ် သက် သည့် ဆေး ကု သမှု မှန် သ မျှ သည် အ ခ မဲ့ ဖြစ် သည် က များ သည်။
- ကြိုတင် ဝင် ရောက် ဆောင်ရွက် ခြင်း များ – ကြိုတင်လုပ်ဆောင် ချက်များ ကို စါရင်းပြု ထားခြင်းအားဖြင့် ခလေး အတွက် အကောင်း ဆုံးဖြစ် နိုင် သည့် ကု သ မှုကို ရ ရှိ နိုင် သည်။

# နားမကြားခြင်း နှင့် သင်၏ခလေး – နောက်တဆင့်

## ခလေး အတွက် နောက် လုပ်ဆောင် ရ မည့် အ ဆင့် များ

ဒီကနေ့၊ စစ် ဆေး တဲ့ က လေး မှာ နား ထိုင်း တဲ့ ရော ဂါ ရှိ နေ တာ တွေ့ နေ ပြီ ဆို ရင် – လာ မည့် ရှေ့ လ များ တွင် ခလေး ကို ပညာရှင် အ မျိုး မျိုး နဲ့ ပြ သ ဖို့ လို အပ် လာ ပြီး ဖြစ် တယ်။

သောတ အာရုံဆိုင်ရာကျွမ်းကျင်သူ က မည် သည့် ပညာရှင် များ နှင့် သက်ဆိုင် သည် ကို ပြောပြပြီး ၄င်း ပညာ ရှင်များ နှင့် တွေ့ ဆုံ နိုင် ရန် စီ စဉ် ပေး မည်။

ပညာ ရှင် တဦး စီ က မိမိ ခလေး နှင့် ပတ် သက် ၍ နား မကြားတဲ့ အကြောင်း အ ရာ နှင့် ပတ် သက် သည် များ ကို ရှင်း ပြ မည်။

တခါ တရံ ကြား ရ သည့် အကြောင်း အရာများ – များလွန်း သည် ဟု ခံ စား ရ မည်။ နောက် လာမည့် လ ပိုင်း အတွင်းများ တွင် မည် သည့် ကျွမ်းကျင်ပညာ ရှင် များ နှင့် တွေ့ ရ မည် ကို ရှင်း ပြ မည် ဖြစ် သည်။

နောက် တဆင့် ပြု လုပ် ရမည့် အ ဆင့် များ မှာ ခလေး နှင့် ပတ် သက် သည့် ရောဂါ အကြောင်း အရာများ ကို မှတ်တမ်း တင် ရ မည် ဖြစ် သည်။ ဤ အကြောင်း အ ရာ များ ကို ပေး ထား သော စာ ရွက် လေး များ ထဲ တွင် ရေး ၍ ခလေး ၏ ကျမ်းမာရေး မှတ်တန်း စာ အုပ် ထဲ သို့ ထဲ့ သွင်း ရ ပါ မည်။

ခလေး ၏ ရော ဂါ အခြေအနေအသေးစိတ် နှင့် ခလေး ကို ကြည့်ရှု ခဲ့ သည့် ကုသပေးသူ ပညာရှင်အား လုံး ၏ အသေး စိတ်စါရင်း ကို ပါ စုံလင်စွာ ထည့်သွင်း ရေး သား နိုင် အောင် စာရွက်များ ကို အ ထူး စီစဉ် ရေး ဆွဲ ထား ပါ သည်။ တ နှစ် လုံး တွေ့ ဆုံ ရန် လို အပ် သည့် ရက် ချိန်း များ၊ ကုန်ကျ မည့်စရိတ် များ၊ ကြိုတင် ကာကွယ် စီစဉ် လုပ် ဆောင် ရ မည့် လုပ် ငန်း များ ကို ပါ လွတ်မသွား အောင် စါရင်းဇယား ပြု လုပ်ထား ပေး ပါ သည်။

### *Australian Hearing* ဌါန သို့သွား ရောက် ခြင်း

*Australian Hearing* ဌါန ဟူ သည်၊ ခလေး များ အတွက် (အ သက် ၂၁ နှစ် အ ထိ) နား ရောဂါ နှင့် ပတ် သက် သမျှ ကို စစ် ဆေး၊ ကု သပေး ခြင်း ဖြစ် သည်။ *Australian Hearing* ဌါန တွင် နား လေး သော၊ နား ထိုင်း သော၊ နား ပင်း သော ခလေးငယ် များ အား ၄င်း၊ မိဘများ အား ၄င်း၊ ခ လေး အ နေ ဖြင့် စကား ပြော တတ် အောင်၊ အ ဆက် အသွယ် ပြု တတ် သော ပညာ တတ် အောင် ကူ ညီ ပေး သည်။

*Australian Hearing* ဌါန မှ ကူ ညီပေး သော ကိစ္စ များ မှာ အောက် ပါ အ တိုင်း ဖြစ် ပါ သည်။

- ကလေး အား လုံး၊ အသက်မရွေး၊ နား ရော ဂါ နှင့် ပတ်သက်သမျှ အား လုံး ကို စစ် ဆေး ပေး သည်။
- နောက် ဆုံး ပေါ် နား ကြားစေ နိုင်းတဲ့ ကရိယာ ခလေး နှင့် ကိုက် အောင် ပုံလောင်း တပ် ဆင်ပေး သည်။
- နား ကြားစေ နိုင်းတဲ့ ကရိယာ ခလေး နှင့် ကိုက် မ ကိုက်၊ အ ဆင် ပြေ မပြေ စီစစ်ပေး သည်။
- နား ကြားစေ နိုင်းတဲ့ ကရိယာ အ တွက် လို အပ် သည့် ဓါတ်ခဲ များ၊ ခလေး ၏ နား အတွင်း တပ် ဆင် သည့် ကရိယာ များ ခေတ် မှီ တိုး တက် သည့် ကရိယာ များ ပေါ် လျှင် ပေါ် သ လို လဲ လှယ် တပ် ဆင် ပေး သည်။

*Australian Hearing* ဌါန သည် အစိုး ရ ဌါန ကြီး ဖြစ် သော Commonwealth Department of Human Services ဌါ န အောက် တွင် တည် ရှိ သည်။

သင် သည် ကျွမ်း ကျင် သော ခလေး သောတအာရုံ အထူး ကု ပညာရှင်များ နှင့် တွေ့ ဆုံ ၍ ၄င်း တို့က သင့် အား ခလေး ၏ နား နှင့် ပတ် သက် သည့် အကြောင်း အ ရာ များ ကို ဆွေး နွေး ပြီး၊ ကြို တင် လုပ် ဆောင် နိုင် သော အကြောင်း ကိစ္စများ အ ရပ် ရပ် တို့ ကို ရှင်း ပြ ပေး မည် ဖြစ် သည်။ *Australian Hearing* ဌါန သည် နောင် လာ မည့် နှစ် များ အ တွင်း သင့် ၏ ခ လေး ၏ နား ကျမ်း မာ ရေး ကို ဆက် လက် စစ် ဆေး သွား မည် ဖြစ် သည်။ *Australian Hearing* ဌါနမှ နား သောတအာရုံ ကျွမ်း ကျင် သူ က သင့် အား *CHOICES* ဆို သော အမည် ဖြင့်၊ သင့် အား ရွေး ချယ် နိုင် သည့် လက် ကိုင် စာ အုပ် ကို ပေး မည်။

## ရောဂါ စစ် ဆေး စုံ စမ်း ခြင်း

ခလေးများအများဆုံးသည် မိမိတို့ ၏ အထွေထွေကု ဆရာဝန် သို့မဟုတ် ခလေး အထူး ကု ဆရာဝန် များ နှင့် ဆေး စစ် ကြ မည်ဖြစ် သည်။

ခလေးအထူးကု ဆရာဝန်များ သည် ခလေး ၏ အထွေထွေ ကျမ်းမာ ရေး နှင့် လို အပ်သော ကျမ်းမာရေး ဖွံ့ဖြိုး မှု များ နှင့် စကား ပြော တတ်မှု ကို ပါ စစ်ဆေး ပေး မည်။ ၄င်း ဆရာဝန်များ က ရောဂါ အ ကြောင်း ရင်း ကို စစ်ဆေး စုံစမ်း ရန် ဆွေး နွေး တိုင် ပင် ပြီး လိုအပ်သောအထူးကု ဌါန သို့ ညွှန် ပေး နိုင်မည် ဖြစ် သည်။ အချို့ သော ရော ဂါ များ (ဥပမာ အား ဖြင့် နား အ နာ ဖြစ် ခြင်း) ဆို လျှင် ခလေး ၏ အ သက် ပထမ လ တွင်း ကု သ စမ်း စစ် ရန် လို အပ်ပြီး၊ အခြား ရော ဂါ (ဥပမာ၊ မျိုး ရိုး ဗီဇ က ပါ လာ သည် များ) နောက် နောင် မှ စစ် ဆေး ကု သ နိုင် သည်။

Sydney မြို့ Randwick ရပ် ကွက် ရှိခလေး ဆေး ရုံမှ နား သောတ အာ ရုံ ကြား နိုင် မှု အတွက် ထောက် ပံ့ ပေး သည့် The Hearing Support Service, Westmead ခလေး ဆေး ရုံ နား ပင်းမှု ဗဟို ဌါ န ၊ John Hunter ဆေး ရုံ နား သောတအာ ရုံ နှင့် နား ပင်းမှု ဗဟို ဌါ န တို့ က ခ လေး နား ပင်း နား ထိုင်း တဲ့ ပြ ဿနာ – ဘာ ကြောင့် ဖြစ် နေ သည် ကို လွယ် လင့် တကူ မိသား စု များ ရ ရှိ နိုင် ရန် ရည် မှန်း ထား ပါ သည်။

အကြောင်း စုံ သိ လို မေးမြန်း လို လျှင် –

- Sydney မြို့ Randwick ရပ် ကွက် ရှိခလေး ဆေး ရုံမှ နား သောတ အာ ရုံ ကြား နိုင် မှု အတွက် ထောက် ပံ့ ပေး သည့် The Hearing Support Service ကို (၀၂) ၉၃၈၂ ၁၂၉၇ ကို ဆက် သွယ် နိုင်သည်။
- Westmead ခလေး ဆေး ရုံ နား သောတအာ ရုံ နှင့် နား ပင်းမှု ဗဟို ဌါ န ကို (၀၂)၉၈၄၅ ၂၃၃၉ ကို ဆက် သွယ် မေး မြန်း နိုင် သည်။
- John Hunter ဆေး ရုံ နား သောတအာ ရုံ နှင့် နား ပင်းမှု ဗဟို ဌါ န ကို (၀၂) ၄၉၂၁ ၃၅၄၈ ကို ဆက် သွယ် မေးမြန်း နိုင်သည်။

## နား နှာခေါင်း နှင့် လည် ချောင်း စစ် ဆေး ဆွေး နွေး ခြင်း

မည်သည့်ခလေး မဆို သိ သာ ထင်ရှား သော နား ထိုင်းမှု တွေ့ ရှိ ခဲ့လျှင်၊ နား နှခေါင်း နှင့် လည် ချောင်း အထူး ကု ဆရာဝန်များ နှင့် ပြသတိုင် ပင် ရန် လို အပ် သည်။

နား နှာခေါင်း နှင့် လည်ချောင်း အထူး ဆရာဝန်က ခလေး ကို နားကြားမှု အထောက် အကူ ပြု ကရိယာ ကို တပ် ဆင် သည့် အခါ အခြားမည် သည့် ကျမ်းမာရေး ပြဿ နာ ကင်းရှင်းကြောင်း ထောက်ခံပေး စာ ကို *Australian Hearing* ဌါန သို့ ရေး ပေး နိုင်သည်။

## လူမှု ဖူလုံ ရေး လုပ်ငန်း

လူမှု ဖူ လုံ ရေး လုပ် ငန်း လုပ် ကိုင်သူ Social Worker များ သည်၊ စိတ်သက် သာ ဖြေဖြောက်နိုင် ရန်၊ အား ပေး မှု များ၊ စိတ်ပြေရာ ပြေ ကြောင်း၊ စိတ် အား ဖြင့် ၄င်း၊ လက် တွေ့ အား ဖြင့် ၄င်း ထောက်ကူ ပေး နိုင်သည်။

လူမှု ဖူ လုံ ရေး လုပ် ငန်း လုပ် ကိုင်သူ Social Worker များ သည်၊ သင် နှင့် သင့် မိ သား စု အတွက်၊ စိတ်ဝေဒနာခံစားချက် များကို ကူညီ အားပေး နိုင် ပါ သည်။ ၄င်း အပြင် ခလေး အတွက် လို အပ် သည့် အထောက် အကူ ပေး နိုင်သည့် ဝင်ရောက်ဆောင်ရွက် ပေး နိုင်သည် များ ကို ရှာ ဖွေ ပေး နိုင် ပါသည်။ အ ပိုင်း (၇) အထောက် အကူ ပေး ခြင်း ကို ကြည့် ပါ။

# သောတ အာရုံဆိုင်ရာကျွမ်းကျင်သူ အား မေး မြန်း ရန်

ခလေး မှာ နား ကြား မှု မည် မျှ ရှိ သနည်း

ဤ ဝေါ ဟာရ အသုံး အနှုန်း ဆို သည် မှာ ဘာလဲ။ နားအာရုံကြောခံစားမှု နှင့် ဆိုင်ခြင်း။ အကျိုးဆက်ဖြစ်ခြင်း။ ရောနှောနေခြင်း။ အခြေ အ နေ သင့် ခြင်း။ အလယ် အလတ် အခြေ အနေ။ အ လွန်လေး နက်ခြင်း။ ပြင်းထန်ခြင်း။ သောတအာရုံ နှင့်သက်ဆိုင်ခြင်း။ အာရုံကြောရောဂါ။

နားမကြားမှု မှာ တသက် လုံး ခံ စား ရမည့် ရောဂါ လား

နောက် ထပ် စစ်ဆေး ဖို့ လို သေး လား

ခ လေး ၏ နား ကြား မှု အခြေ အနေ ဘယ် လောက် ကြာ လျှင် ပြန် စစ် ရ မည် နည်း။

ခ လေး ရဲ့ နား မကြား တဲ့ အခြေ အ နေ ဒီထက် ကို ပို ဆိုး လာ မှာ လား၊ ပြောင်း လဲ မှု ကော ရှိ လာ နိုင်လား။

နား ၂ ဘက် လုံး နား ထိုင်း တဲ့ အခြေအနေ အ တူ တူဘဲ လား ။

ခလေး နား မကြား တာ ကြောင့် ခလေး ရဲ့ စကား ပြော တတ် မှု တိုး တက် ရေး ထိ ခိုက်မှာ လား

ခလေး မှာ နား ကြား အထောက် အကူ စက်ကရိယာ လို အပ် မှာ လား – နား ၂ ဘက် လုံး နား ကြား အထောက် အကူ စက်ကရိယာ လို အပ်မှာ လား။

ခလေး က တသက် လုံး နား ကြား အထောက် အကူ စက်ကရိယာ သုံး ဖို့ လို မှာ လား။

နား ကြား အထောက် အကူ စက်ကရိယာ က ဘယ် လောက် ကုန်ကျမှာ လဲ။

ခလေး က နား ကြား အထောက် အကူ စက်ကရိယာ အသုံး ပြု တဲ့ အခါ ဘာ တွေကြား ရမှာလဲ။

ခလေး က နား ကြား အထောက် အကူ စက်ကရိယာ ကို အ မြဲ လို လို ဝတ် ဆင်ထားရ မှာ လား

နား ကြား အထောက် အကူ စက်ကရိယာ ကို ဘယ်လောက် ကြာ ရင် တခါ အသစ် လဲ ရ မှာ လဲ။

နား ကြား အထောက် အကူ စက်ကရိယာ က အပို ပစ္စည်း သစ် လို မှာ လား။

ခလေး က နား ကြား အထောက် အကူ စက်ကရိယာ ကို တပ် ဆင် ဖို့ လက် မခံရင် ဘယ် လို လုပ် မလဲ။

နားကြပ်ကိုနားထဲတပ်ပေးခြင်း ဆို တာ မလုပ် မ နေ လား –– မလုပ် ရင်ကော ရ သလား။

ခလေး နား ရောဂါ နှင့် ပတ် သက် ပြီး ဘယ် နေ ရာ တွေမှာ အကူ အညီ တောင်း နိုင် သေး လဲ။

ခလေး ကို တခြား ဘယ် လို နည်း တွေ နဲ့ ကူ ညီ ပေး နိုင် မလဲ။

နား ကြား အထောက် အကူ စက်ကရိယာ ဆို တာ ဘယ် လို ပုံ စံ မျိုး လဲ။

သောတ အာရုံဆိုင်ရာကျွမ်းကျင်သူ ကို မေးမြန်း သည့်မေးခွန်းများ –– အမေရိကန် နိုင်ငံ ကျမ်းမာရေး ဌါန လူသားများ ဝန်ဆောင် ရေး နှင့် ရောဂါ ကာကွယ် ရေး ဌါန မှ ကူး ယူ ထား ခြင်းဖြစ် သည်။

# သင့် ခလေး ၏ ကျမ်းမာရေး အ ဖွဲ့



သင့် ခလေး ၏ ကျမ်းမာရေး အ ဖွဲ့ တွင် ပညာ ရှင်ပေါင်း မြောက် များစွာပါ ဝင် နိုင်သည်။

ခလေး ရဲ့ ကျမ်းမာ ရေး မှတ်တန်း စာ အုပ် ထဲ တွင် ခလေး အထူး ကု ဆရာဝန် များ ပညာ ရှင် များ ကို အဆက် အသွယ် ပြု နိုင် သည့် အဆက် အသွယ် ပြု အသေး စိတ် များပါ ဝင် သည်။

## သောတအာရုံ အထူး ကု ပညာရှင်များ

သောတအာရုံ အထူး ကု ပညာရှင်များ သည် ကျမ်းမာရေး အတတ်ပညာရှင်များဖြစ်ပြီး၊ ရောဂါကို ခွဲခြား ရှာဖွေ ဖေါ်ထုတ် ပြီး၊ မည် ကဲ့သို့ စီစဉ်ဆောင်ရွက် ရ မည် ကို ကူ ညီပေး သည်။ အသက် အရွယ် မရွေး မျှ တ အောင် ညှိ နှိုင်းဆောင်ရွက် ပေး သည်။  နားသောတ အာရုံ ဆိုင် ရာ ဝန်ဆောင်မှု များ၊ လုပ် ငန်းများကို ဆောင်ရွက် ပေး သည်။ သောတအာရုံ အထူး ကု ပညာရှင်များ သည် ကျမ်းမာရေး အဖွဲ့ ကြီး ထဲမှ နားရောဂါ နှင့် နား ရောဂါ ဆိုင် ရာများ ကို ကု သ စစ် ဆေး သည့် အဖွဲ့ တွင်း တ ဦး အပါ အဝင် ဖြစ် သည်။

## နား နှာခေါင်း နှင့် လည်ချောင်း အထူးကု

နား နှာခေါင်း နှင့် လည်ချောင်း အထူးကု များ သည် ဆရာဝန်များဖြစ် ကြ ပြီး ၄င်း တို့မှာ နား နှာခေါင်း နှင့် လည်ချောင်း ရောဂါ များ အကြောင်းကို အထူး လေ့လာသင်ကြားထားသူများဖြစ်သည်။ ၄င်းတို့သည် လို အပ်လျှင်ခွဲစိတ် ကုသသူများ၊ နား အလယ် ပိုင်း နှင့် ပတ် သက်၍ အထူး အကြံဉါဏ် ပေး နိုင်သူ များဖြစ် သည်။ တချို့ နား နှာခေါင်း နှင့် လည်ချောင်း အထူးကု များ သည် လည်း ခလေးများ အနေဖြင့် အကျိုး ဖြစ်မည်ဆို လျှင် နားကြပ်ကိုနားထဲတပ်ပေးခြင်း ပြုလုပ် ပေး နိုင်သူများဖြစ်သည်။

## မျက်စေ့ အထူးကု ဆရာဝန်များ

မျက်စေ့ အထူးကု ဆရာဝန်များ သည် မျက်လုံးနှင့် ပတ်သက် သည့် ရောဂါ များ ကို အထူးလေ့လာ ကု သ သူ များ ဖြစ် ပါ သည်။ နား မကောင်း သော ခလေးများ သည် တခါ တရံ မျက် လုံး ပြဿနာ ဖြစ် ခြင်းကြောင့် နား နှင့် ပတ် သက် သည့် အာရုံ ထိ ခိုက် မှု များ ဖြစ် တတ် သည့် အတွက် ကြောင့် မျက် စေ့အထူးကု ဆရာဝန် များ နှင့် ကု သစစ် ဆေး ရန် လို အပ် သည်။ တခါ တရံ နား ထိုင်းခြင်း သည် မျက် စေ့ ပြဿနာများနှင့် ဆက်စပ် နေ သည်။

## မျိုး ရိုး ဗီဇ ရော ဂါဗေဒ အထူး ကု

မျိုး ရိုး ဗီဇ ရော ဂါဗွေ အထူး ကု များ သည် မျိုး ရိုး ဗီဘင် က ဖြစ် တဲ့ ရောဂါ မျိုး -- မျိုး ရိုး စဉ် ဆက် ထဲ မှာ ပြန် ပြန် ပေါ် လာ တတ် တာ ကို အထူး လေ့ လာ သင် ကြား ထား သော ဆရာ ဝန်များ ဖြစ်ကြ သည်။။ နားပင်း ခြင်း နား ထိုင်း ခြင်း အချို့ သော ရောဂါ မျိုး သည် လည်း မျိုး ရိုး မှ ရ ရှိ လာ နိုင် သည့် ရော ဂါ ရှိ တတ် သည်။

## ခလေး အထူး ကု

ခလေး အထူး ကု ပညာ ရှင်များ သည် ခလေးငယ် များ တွင် ဖြစ် တတ် သည့် ရောဂါ များ ကို အ ထူး လေ့ လာ သင်ကြား ကု သ သည့် ဆရာဝန် များ ဖြစ် ကြသည်။ ခလေး ငယ် အများစု သည် မွေး ပြီး ခါ စ တွင် ခလေး အ ထူး ကု များ မှ စစ် ဆေး ပေး သည်။ ခလေး အထူး ကု များ က ခလေး မှာအ ခြား ပြဿနာ တွေ့ ခဲ့ ရင် ရော ဂါ ကို ဖေါ် ထုတ် စီစစ် ကု သ ပေး ပြီး၊ ခလေး နှင့် ပတ် သက်သည့် ဖွံ့ဖြိုး ဂေး ပြဿနာ အဝဝ ကို စောင့် ထိန်း ကြည့် ရှုပေး သည်။

## လူမှုဖူလုံ ရေး လုပ်သားများ

SWISH ဟု ခေါ် သော လူမှုဖူလုံ ရေး လုပ်သားများ သည် ခလေး များ အနေဖြင့် နား ရော ဂါ ရှိ သည် ဟု သိ ရ ပြီး နောက် – မိ သား စု တွင်း ခံ စား ရ သော စိတ် ဝေဒနာ များ၊ မိသားစု လူမှု ရေး ဆိုင် ရာ အခြေ အနေ များ ကောင်း မွန် မှု ကို ကူ ညီစောင်မ ပေးသူဖြစ် သည်။ လူမှုဖူလုံ ရေး လုပ်သားများ က မိသားစု များ လို အပ် သော အထောက် အကူများ ကို မိသား စု များ နှင့် အ တူ၊ အကြံ ဉါဏ်ပေးခြင်း၊ အားပေးခြင်း၊ ပညာပေးခြင်း၊ လိုအပ် မည် ဖြစ် သည့် အခြား သော ဝန် ဆောင်မှုများ ကို ဆောင် ရွက် ပေး သည်။

## စကား ပြော ပညာရှင်များ


စကား ပြော ပညာရှင်များ သည် ခလေး ငယ်များ ခလေး ကြီး များ တို့ ၏ အ ဆက် အ သွယ် ပြု ရေး ဆိုင် ရာ အ မျိုး မျိုး ကို အ ထူးလေ့ လာ ဆောင် ရွက် သူ များ ဖြစ် သည်။ ၄င်း တို့ က ခလေး များ အနေဖြင့် စ ကား ပြော ရာ တွင် သာမန် ဖွံ့ ဖြိုး တိုးတက်မှု ရှိမရှိ ကို အကြံ ပြု နိုင်သည်။ စကား ပြော ပညာရှင်များ သည် ခလေး များ စကား ပြော ရာတွင် မည် ကဲ့သို့ ပြု ပြင်ပေး နိုင် သည် ကို မိဘ များ ကို အ ကြံပြု နိုင် သည်။

## နားပင်း နားထိုင်း သူများကို သင်ကြား ပေး သည့် ဆရာ၊ ဆရာမ များ

နားပင်း နားထိုင်း သူများကို သင်ကြား ပေး သည့် ဆရာ၊ ဆရာမ များ သည် သာ မန် ဆရာ၊ ဆရာမ များ ဖြစ် ကြ ပြီး၊ နားပင်း နား ထိုင်း သော ခ လေး များ ကို အထူး သင် ကြား မှု ပညာ များ ကို လေ့ လာ သင်ကြား ထား သူ များ ဖြစ် သည်။ နား ရောဂါ ရှိ သော ခလေး များ အတွက် ကြို တင် စီစဉ် ဆောင် ရွက်မှု အစီ အစဉ် ပြု လုပ် ရာ တွင်၊ နားပင်း နားထိုင်း သူများကို သင်ကြား ပေး သည့် ဆရာ၊ ဆရာမ များ နား ရော ဂါ တွေ့ ရှိ စ ခလေး များ ကို သင်ကြား အကြံ ပြု ဖို့ အဆင် သင့် ရှိ နေကြသည်။

# နား ကြား ခြင်း နှင့် နား ကြားမှု ပျောက် ကင်းခြင်း

**နား အလုပ် လုပ် ပုံ**




နားကြားမှု ဆိုင် ရာ ဌာန Australian Hearing www.hearing.com.au

## နား ၏ တည် ဆောက် ပုံ နှင့် လုပ်ငန်း

နား ကြားမှု သည် လူ ခန္ဓာကိုယ် ၏ စနစ် ထဲ တွင် အ ရှုပ် ဆုံး စနစ် ဖြစ် သည်။

အသံ လှိုင်း ကို နား က လျှပ်စစ် ခုံ ခြင်း ကွင်း ဆက် အဖြစ် တုံ့ပြန် ပြောင်း လဲ စေ သည်။

ဦး နှောက် က ယင်း လျှပ် စစ် ခုံ ခြင်းများ ကို အ သံ အမျိုး မျိုး အ ဖြစ် ခွဲခြား ၍ ကြား ရ သည်။

## နား အပြင်ပိုင်း

နား အ ပြင် ပိုင်း မှာ နား ရွက် (ပြင်ပ မှ မြင် နိုင် သည်) နှင့် နား ၏ မြောင်း ဂလိုင် ပါ ဝင် သည်။ အ သံ များ သည် နား ၏ မြောင်း ဂ လိုင် တွင်း မှ ဖြတ် ၍ နား ခင် ကို သွား ရောက် တုန် ခါ စေ သည်။

## နား ခ လယ်

နား ခ လယ် တွင်၊ နား ခင်၊ အ ရိုး နု (၃) ခု၊ ပြွန် သေး လေး တ ခု ပါ ဝင် သည်။ ပြွန် သေး လေး ၏ လုပ် ငန်း မှာ နား ခလယ် ရှိ လေ ဖိ အား နှင့် နား ခင် ၏ ပြင် ပ ရှိ လေ ဖိ အား တို့ မှာ ဖိ အား ခြင်း တူ ညီ၊ ညီ မျှ မှု ရှိ အောင် ဆောင် ရွက် ပေး သည်။

အ သံ သည် နား ၏ မြောင်း ဂလိုင် အ တွင်း မှဖြတ် သန်း သွား သော အခါ – နား ခင် ကို တုံ ခါ စေ သည်။ ထို အခါ အ ရိုး နု (၃) ခု လည်း လှုပ်ရှား သည်။ နောက်ဆုံး မှာ ရှိ သော အ ရိုး နု (နားတွင်း ရှိ မြင်းစီးခြေနင်းကွင်း နှင့် တူ သော အ ရိုး)သည် နားကြာပ် ကို သွား သည့် အမှေးပါး ကို တွန်း သည်။ နား ကြာပ် ကို နား အတွင်း ပိုင်း တွင် တွေ့ ရှိ နိုင် သည်။

## နား ၏ အတွင်း ပိုင်း

နား ကြား မှု တွင်၊ နား အတွင်း ပိုင်း တွင် ရှိသော နား ကြာပ် နှင့် နား ကြာပ် အကြော သည် အရေး ကြီး ဆုံးဖြစ် သည်။ နား ကြာပ် တွင်း တွင် အ ရည် များ နှင့် အမွေး အမျှင်များ ရှိ သည်။ အသံ ကို ကြား သည့် အခါ အမွေး အမျှင် ဆဲလ် များ က အကြော ခုံခြင်းများ ကိုဦးနှောက် ကို နား ကြာပ် မှ တဆင့် ပို့ ပေး သည်။ ဦး နှောက် က ၄င်း အကြောင်း အ ရာ ကို ရ သည့် အခါ၊ ကျွန်ုပ်တို့ အနေဖြင့် သိ သည့် အသံ ကို ကြား ကြ သည်။

# နား ထိုင်း နား ပင်း ခြင်းအမျိုး အစား



ခလေး ရဲ့ နား မကြား ခြင်းမှာ နား မည် သည့် နေ ရာ တွင် ထိခိုက်နေသည့် အပေါ် တွင် မူ တည်သည်။ အ မျိုး (၃) မျိုး ရှိ ပြီး၊ ၎င်း တို့ မှာ ကွင်း ဆက် အ ဆက် အ စပ် ပျောက် ခြင်း၊ အာ ရုံ ကြောခံစား မှု မရှိ ခြင်း၊ နှင့်၊ ပေါင်း စပ် သည့် ပြဿနာ များ ပါ ဝင် သည်။

## နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း

နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း ဖြစ် ရ ခြင်း မှာ နား ခလယ် နှင့် နား အပြင် ပိုင်း ပြဿနာ များ ကြောင့် ဖြစ် ပြီး အသံ များ သည် အတွင်း နား သို့ မ ရောက် နိုင်ခြင်းဖြစ်သည်။

နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း ကို နား နာခေါင်း နှင့် လည် ချောင်း အထူးကု နှင့် ကု သ နိုင် သည်။ နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း ရော ဂါ အ ချို့ ၏ ဥပမာ အချို့ မှာ –

- နား ၏ မြောင်း ဂလိုင် တွင်း နား ဖါချေး ပိတ် နေခြင်း
- နား ယောင် ခြင်း
- နား ခင် ပေါက် နေ ခြင်း

တခါတရံ နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း သည် လုံး ဝ ကု သ ၍ မ ရ တော့ သည် များ ဖြစ် တတ် သည်။ ဥပမာ အချို့ မှာ –

- ခလယ်နား အတွင်း အရိုးနု အင်္ဂါ ချို့ ယွင်း ခြင်း
- နား ၏ မြောင်း ဂ လိုင် ကင်းမဲ့ခြင်း

## သောတ အာ ရုံ ကြော ချို့ယွင်း ခြင်း ကြောင့် နား ပင်းခြင်း

သောတ အာ ရုံ ကြော ချို့ယွင်း ခြင်း ကြောင့် နား ပင်းခြင်း သည် နား အတွင်း ပိုင်း ရှိ (နား ကြပ် သို့မဟုတ် နား အာရုံ ကြော) ပျက် စီး ချို့ ယွင်း ခြင်းကြောင့် ဖြစ် သည်။ ဤ ကဲ့ သို့ သော ချို့ ယွင်း မှု သည် ကု သ ၍ မ ရ တော့ သည့် အ မျိုး ဖြစ် သည်။ မွေး က တည်း က ပါ လာ တာ ဖြစ် နိုင် ပြီး၊ ဖျား နာ မှု ကြောင့် (ဥပမာ။ ဦးဏှောက် ကျော နှင့် အာရုံ ကြော (၃) ကြောရောင်ရမ်း သည့် ရော ဂါ နှင့် အခြား အနာ များကြောင့်)ဖြစ် နိုင် သည်။

အချို့ မွေးရာပါ နား ထိုင်း နားပင်း သည့် အကြောင်း ရင်း များ က တော့

- အမျိုး လိုက် ၍ ဖြစ် သော ချို့ယွင်းချက် များ
- တခါတရံ မှာ ခလေး များ က ဝက် သက် နှင့် ခလေး သူ ငယ်နာ ရော ဂါ ရ ရှိ ခြင်း ကြောင့်၊ ၎င်း မှ ကူးစက်တတ်သောရောဂါ ပိုး မှ နား ကို ထိ ခိုက် နိုင် သည်။
- လ မစေ့မှီ မွေး သော ခလေး များ ရောဂါပြဿနာ ပို ၍ ရှုပ် စေ သည်။

နားအတွင်း ဂွင်း ဆက်ပျောက် ခြင်း ကြောင့်နားပင်းခြင်း နှင့် လေဖိအား လှိုင်းချို့ယွင်းခြင်း နှင့် ခံစားမှု ကင်းမဲ့ သည့် ပေါင်းစပ် နား ထိုင်းခြင်း ၂ မျိုး လုံး ဖြစ် နိုင်သည်။

*နားပင်းနားထိုင်းခြင်းကို နား လည်ခြင်း*

*❝ လူတွေက နား ပင်းတယ် ဆိုတာ ကို နား မလည် တတ်ကြ လို့ ကျွန်တော် စိတ် အ တော်တို တယ်။ နား ပင်းခြင်း ဆို တာ အ မျိုးမျိုးရှိ တယ်။ အကောင်း ဆုံး က တော့ ခလေး တွေ ကို သင် ပေး ပြီး သူ တို့ က နေ တဆင့် ကြော်ငြာ တာ အကောင်း ဆုံး ဘဲ – လူ တွေက သူ တို့ နား ပင်းတယ် ဆို တာ ကို အံ့ ဩကြ တယ်။ ❞*

# နား ထိုင်း နား ပင်း ခြင်းအမျိုး အစား

## နား ခလယ် အ နာဖြစ်ခြင်း

နား ခလယ် အ နာ တွေ က များ သော အား ဖြင့် နား အ နာ ရင်း ယောင် ရာ က ဖြစ် လာ တာ ဖြစ် ပါ တယ်။

### ဘယ် လို ဖြစ် ပေါ် လာ တာ လဲ

နား အ နာ ရင်း ယောင်တဲ့ရောဂါ သည် ဘက်တီးရီး ယား သို့မဟုတ် ဗိုင်းရပ်စ် ပိုး များကြောင့် နားခင်၏ နောက် တွင် အရည် များ စု တက် လာ ခြင်းဖြစ်သည်။

ဤ အခြေအနေ မှာ အအေး မိခြင်း သို့မဟုတ် အသက်ရှူ လမ်းကြောင်း တွင် ကူးစက်ရောဂါ များ ရခြင်းကြောင့်ဖြစ် နိုင်သည်။ နားခလယ်တွင် အရည်များ စုလာခြင်းကြောင့် အနာ ရင်းယောင်ပြီး– နားကိုက်လာတတ်သည်။ နားရင်း ယောင်ခြင်း လွန်မင်းသည့်အတွက် နားခင် မှာ ခုံလှုပ် နိုင် စွမ်း မရှိ ဖြစ် ပြီး –– ခေတ္တ နား မကြားသည့်ပြဿနာဖြစ် နိုင်သည်။

ခလေးများ တွင် သတိထား ရ မည့် လက္ခဏာများ မှာ –

- နား ကို ကုတ်ခြင်း –ကိုင်ထားခြင်း
- အငိုမတိတ်ခြင်း
- နားမကြားခြင်း
- အဖျားရှိ ခြင်း
- အ အိပ်ပျက်ခြင်း
- အီနေ ခြင်း
- နားမှ အရည်ယိုခြင်း

### နားခလယ် တွင်ဖြစ် သည့် အ နာ ကို မည် ကဲ့သို့ ကု မည် နည်း

မကြီးကျယ် သည့် နားခလယ် တွင် အနာ ဖြစ် လာ ခြင်းများ သည် များ သောအားဖြင့် အချိန် ခဏ နှင့် ပျောက် ကင်းတတ်ပါ သည်။ မကြာခဏ ပြန်ပြန်ဖြစ်နေ ပြီး အချိန်ကြာ ရောဂါ မပျောက်လျှင် နား၊နှာခေါင်း နှင့် လည် ချောင်း အထူးကု ဆရာဝန်နှင့် ပြသရန် လို အပ်သည်။

ပြင်းထန်သည့် နား ရင်းယောင်ခြင်းများ ကို များ သော အား ဖြင့် antibiotics ဆေးများဖြင့်ကု သသည်။ နားထဲမှာ ရှိ တဲ့ အရည် ကြာ လာ တဲ့ အ ခါ တွင် နား ပြေ တည်ခြင်း ဖြစ်လာ သည်။ ထို အခါ တွင် အရည် ကို စစ်ထုတ် ပေး တဲ့ပြွန် သေး များ ကို ထည့် ပေး ရန် လို အပ် လာ သည်။

### Grommet ပြွန် သေး ဆို တာ ဘာ လဲ

Grommet ဆိုတာ ပြွန် အသေး လေး ဖြစ် ပြီး နားခင် ထဲ ကိုထည့် ပြီး နားခလယ်ကို လေ ဝင်စေ သည်။ နားခလယ် တွင်လေ ရှိ ခြင်းအားဖြင့် အရည် များ စု နေ တာကိုကာကွယ် နိုင်ပြီး နားကြားမှု ကို ပြန် ရရှိ နိုင်သည်။ ၄င်းပြွန် သေးလေး ကို နား ခင် ထဲမှာ (၇)လ မှ (၁၂)လ ထား လေ့ ရှိ ပြီး၊ အလို အလျှောက် ပြုပ် ထွက် သွား သည်။

# နား ထိုင်း နား ပင်း ခြင်းအမျိုး အစား



## ပြန်မကောင်း နိုင် သည့် နား တဖက် ပင်းခြင်း

### နား တဖက်ပင်းခြင်းဆို သည် မှာ အဘယ် နည်း

နားတဖက်ပင်းခြင်းသည် နားတဖက်တည်း ကိုသာ ထိခိုက်သည်။ နဲနဲ နား မကြား မှု က နေ လုံး ဝ နား ပင်းသည့် အခြေ အနေ မျိုး ဖြစ် နိုင်သည်။

### နား တဖက် ပင်းခြင်း၏ အကြောင်း ရင်း

အချို့ ခလေးများ သည် နား တဖက် မကောင်း သည့် ရောဂါ ကို မျိုး ရိုးမှ ရရှိ နိုင်သည်။ အ ချို့ တို့ တွင် အ သက် ကြီး မှဖြစ် တတ်သည်။

အချို့ မျိုးရိုး ပါ နားရောဂါ သည် မျိုး ရိုးဗီဇ ကြောင့် ဖြစ် နိုင် ပြီး တချို့တွင် ပဋိသန္ဓေ အ တွင်း ပြဿနာများကြောင့် ဖြစ် နိုင် သည်။

မွေး စ က နားရောဂါ မရှိဘဲ၊ အသက်ကြီး မှဖြစ်တဲ့ နား ရော ဂါ များ မှာ အကျိတ်ယောင်ခြင်း၊ သို့မဟုတ်၊ ဦး ဏှောက် အမြေး ပါး ယောင် ခြင်း ကြောင့် ဖြစ် လာ တတ် သည်။

ရောဂါအများအားဖြင့် သည် အကြောင်း ရင်း ရှာမတွေ့ နိုင်ပါ။ ခလေးများ သည် နားတဖက် မကြားပါ က အခြားရောဂါများ နှင့် သက် ဆိုင်မှုရှိ နိုင် သည့် အတွက်၊  စော လျှင်စွာ ဆရာဝန်ပြ ရန် လို အပ်ပါ သည်။

### ဘယ် လို အကျိုးသက် ရောက်မှု များ ရှိ နိုင် သနည်း

နား တဖက်မကြား သည့် ခလေးများသည် အောက် ပါ အခက် အခဲ များ ရှိတတ်သည်။

- ဆူညံ သော ပတ် ဝန်းကျင်တွင် မကြား ရ ခြင်း
- အသံ ဘယ်က လာ သည် ကို မခွဲ နိုင်ခြင်း
- မကောင်း သော နား ဘက် မှ လာ သည့်အသံ ကို မကြား ရ ခြင်း
- အချို့ ခလေးများ က စကား ပြော တတ်မှု ပြဿနာ ရှိ ခြင်း

အရေး ကြီး ပြီး သိ သင့် သည့် အချက် မှာ ခလေး အများ က စကား ပြော တတ်မှု နှင့် စာ တတ်မြောက်မှု ပြဿနာ မ ရှိကြ ပါ။

## *နား တဖက်ပင်းခြင်း*

### ဆေး စစ် ခြင်း အဆင့်များ

❝ *နားသောတအာရုံအထူးကုပညာရှင် က ခလေး နား တဖက် ကြား တာ ကို ရေး ကြီးခွင်ကျယ် လုပ် နေ တယ်၊ ကျွန်တော် တို့ က နား တဖက် မကြားတာ ကို ဘဲ သိ တယ်။ ကျွန်တော် တို့ က ရှေ့ ရေး ကိုသိပ် စိုးရိမ်မိ တယ်။ ကျွန်တော် တို့ အနေနဲ့ နားပင်း နားထိုင်းတဲ့ အတွေ့ အကြုံ ပထမဆုံး အကြိမ် ဖြစ် ပါ တယ်။ ဘာဖြစ်လာမယ် ဆိုတာ မသိပါဘူး။* ❞

# နား ထိုင်း နား ပင်း ခြင်းအမျိုး အစား

### သောတ အာ ရုံ ဆိုင် ရာ ထိန်းသိမ်းမှု

- ကောင်း နေ တဲ့ နား က သာမန် ကြား နိုင်တယ် လို့ ယူ ဆပြီး – နား တဖက် မကောင်းတာ ကို နားကြားရန် အထောက်အကူ ပြုစက် ကရိယာ တပ် ဆင် ရင် သင့် တော် မယ် ဆို တဲ့ အထောက် အ ထားခိုင်လုံမှု မရှိ ပါ ဘူး
- ဒီ လို ကစ္စမျိုးတွေမှာ နား ထိုင်းမှု ဟာ အနည်း အကျင်း ဘဲ ဖြစ် တတ် ပါ သည်။ ဒါ ကြောင့် အချိန် ယူ ပြီး နား သောတအာရုံ ကြော ကျွမ်းကျင်သူ နှင့် တိုင် ပင်ပြီး ဆုံး ဖြစ် ချက် ချ ရ မှာ ဖြစ် ပါ သည်။
- ယခုပြု လုပ် လိုက်သည့် ဆုံးဖြတ် ချက် ကို နောက် နောင် လဲ ပြောင်းလဲ ၍ ရ ပါ သည်။
- ခလေး အသက် ကြီး လာသည့် အခါမှ အထောက် အကူ ပြု ကရိယာ သုံး နိုင်သည် – ဥပမာ အား ဖြင့် အသံ ချဲ့ စက် စနစ် မျိုး လည်း ရှိ သည်။

### စောင့်ကြည့် လေ့လာမှု မည်သည့် အကြောင်း ကြောင့် အရေး ကြီး သနည်း

- နား တဖက် မကြား ရ သော အ နည်း စု သည် တခါတရံ နား ၂ဘက် လုံး မကြား သည့် အဖြစ်မျိုး ဖြစ် သွား နိုင် သည်။ ထို့ ကြောင့်၊ မှန် မှန် နား ကြား သည့် အတိုင်း အတာ ကိုစစ် ဆေး ပေး ဖို့ အထူး တိုက် တွန်း လို ပါ သည်။
- ခလေး တွင် နား အနာ ဖြစ် လာ လျှင် ချက် ချင်း ဆရာ ဝန်ပြ ပါ။ နား အနာ ဖြစ် ခဲ့ လျှင် နား ကြား မှု ကို ပို ၍ ထိ ခိုက် နိုင် သည်။
- ခလေး အနေဖြင့် နား မကြား သည့် လက္ခဏာ များ ကို မိ ဘ ဖြစ် သူ များ က အရင် ဆုံး သတိ ပြုမိ သူများ ဖြစ် သည်။ အကယ် ၍ ခလေး အနေ ဖြင့် တုံ့ ပြန်မှု ပြောင်းလဲ တာ သတိပြု မိလျှင် ချက်ချင်း နား စစ် ဆေး ဖို့ စီ စဉ် ပေး ပါ။
- ခလေး များ သာမန် အား ဖြင့် စကား ပြော ခြင်းကို သတိပြု ၍ တိုး တက်မှု မိုင်တိုင်များကို နေ့စဉ် မှတ်တန်း ပြု လုပ် ထားပါ။ ခလေး ၏တိုးတက်မှု ကို သာမန် တိုးတက်မှု များ နှင့် နှိုင်း ပါ။ သာမန်တိုးတက် သည့် အတိုင်း တိုးတက်မှု မရှိပါက ပညာရှင်များထံ မှ လို အပ် သည့် အကူ အညီများ ကို တောင်း ပါ။

### နည်း ဗျူဟာ များ

*❝ ကျွန်တော့ သား က အခုအခါ မှာ နား အာရုံချို့တဲ့ သည့် ခလေးကစား တဲ့ အဖွဲ့ ကို တက်တယ်။ ကျွန်တော် တို့ က လည်း မိဘ များ တက် ရ မည့် ပညာပေးသင်တန်း ကို တက် ပြီး ပြီ။ သောတအာရုံ အထူး ကု ပညာရှင်များ နှင့် ဆရာ များ ကို တွေ့ ဖန်များ သည့် အခါ ခလေးကြီး လာ တဲ့ အခါ ဘယ် လို နည်း ဗျူဟာတွေ သုံး မလဲ ဆို တာ ကို ပို သိ လာ တယ်။ ခလေး ရဲ့ နောင် ရေး ကို ကျွန် တော် တို့ ကြို တင် ပြင်ဆင်ဆောင် ရွက် တတ် လာ ပြီ။ ❞*

### အ ခြားလူ များ ကို ရှင်း ပြခြင်း

*❝ ခလေး အနေ နဲ့ နား တဖက်လေး တာ ကို တခြား မိဘ များ က ဘာ ဖြစ် လို့ နား အထောက် အကူ ပြု ကရိယာ မ သုံး လဲ မေး ကြ တယ်၊ သူ တို့ အနေ နဲ့ နား တဖက် မကြားတာ ကို 'ဒါလေးများ' ဆို တဲ့ သဘော ထား မျိုးနဲ့ ပြော ကြတယ်။ ပညာရှင် တချို့ ကလဲ ဒီလို ဘဲမြင်ကြတယ်။ ကျွန်တော့ မိန်းမ က တော့ လူ တွေ က ခလေး ကို နား မ ထိုင်းပါ ဘူးပြော ရင် သူ က ခလေး ကို ကာ ကွယ် ပြီး ပြန် ပြော ချင် တယ်။ ❞*

# နား ထိုင်း နား ပင်း ခြင်းအမျိုး အစား



## နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD)

### နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ဆို တာ ဘာ လဲ

နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ဆို တာနား ထဲကို အ သံ က သာမန်ဝင် သည့် အခါတွင်ဖြစ် ပြီး၊ နား အတွင်း ပိုင်း ထဲ က နေအသံ က ဦး ဏှောက် ကို သာ မန် အားဖြင့် မရောက် ခြင်း ကို ဆိုလို သည်။

နား ပင်းသည့် အဆင့်၊ အလွန် အမင်း ပင်း သည့် ခလေး (၁၀) ယောက် (၁) ယောက် တွင် ဤ ကဲ့ သို့ ဖြစ် တတ် သည် ဟု ခန့်မှန်း ထား သည်

နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ဆို သည် မှာ စစ် ဆေး သည့် အဆင့် များဖြစ်ပြီး ရော ဂါ အခြေ အ နေ ကို ဖေါ်ပြ ဆို လို ခြင်း မ ဟုတ် ပါ။

### ဤ ကဲ့ သို့ သော ရ လဒ် များ ရ နိုင်သည့် ဖြစ် နိုင်သည့် အကြောင်း ရင်းများ

ဤ ကဲ့သို့ဖြစ် ရ ခြင်း အကြောင်း ရင်းများ ရေ ရေ ရာ ရာ အဖြေ မသိ ရ သေး သော် လည်း အောက်ပါ အကြောင်း ရင်း များ ကြောင့် ဖြစ် နိုင်သည်။

- နားအတွင်း ပိုင်း ရှိ နား ကြပ် ထဲ မှ အမွေး အမျှင် ပျက် စီး နေ ခြင်း
- နား အာ ရုံ ကြော ထိ ခိုက် ပျက် စီး မှု ကြောင့် လည်း ဖြစ် နိုင်သည်။
- တခါတလေ၊ နား အာ ရုံ စနစ် က မ ရင့် ကြက် သေး သည် လည်း ဖြစ် နိုင် သည်။

### စိုး ရိမ် ရ သည့် အပိုင်း များ

ဤ ကဲ့သို့သော ရလဒ် ရ သည့် အကြောင်း များ မှာ –– လ မစေ့မီ မွေး ဖွါးခြင်း၊ မွေး သည့် အခါ တွင် အသက် ရှူ ပိတ်သွား ခြင်း မိသား စု မျိုး ရိုး ၏ ရာဇဝင် တွင် ပါ ရှိ သည့် အကြောင်း ကြောင့် လဲ ဖြစ် နိုင် ပါ သည်။

### နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) သည် မည် ကဲ့ သို့ သော သက် ရောက် မှု ရှိ သနည်း

- နား ထိုင်းမှု အဆင့် အမျိုး မျိုး
- နား ကြားမှု မမှန်ကန်ခြင်း
- ပြောဆိုသည့်စကား ကို နားကြားမှု ခက်ခဲ ပြီး မ သဲ ကွဲ ခြင်း။

### နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ကိုမည်ကဲ့ သို့ နိုင်အောင်ထိန်းမည် နည်း။

နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ကို ထိန်း နိုင်ရန် မိဘများ က ခလေး ကိုပါဝင် ကြည့်ရှု ခဲ့ သည့် ကုသပေးသူ ပညာရှင်တို့ နှင့် တိုင်ပင်ဆွေး နွေး ပြီး ဆုံးဖြတ်ချက် ချ ရ ပါ မည်။

နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/ AD) ရော ဂါ ရှိ သည့် ခလေးများ ကို သီး သန့် အကျိုး ခံ စား ခွင့် အစီ အစဉ် လုပ် ပေး သည်။

ဆုံး ဖြတ်ချက် များ ကို နောက် နောင် လိုအပ်လျှင် လိုအပ်သလို ပြောင်း လဲ ရွေး ချယ် နိုင်အောင် ထား ၍ စဉ်းစား ဆုံး ဖြတ်သင့် သည်။ အောက် ပါ ဆုံးဖြတ် ချက် များ ကို ရွေး ချယ် နိုင် သည်။

- နားကြားရန်ပြုပေးသည့်စက် ကရိယာ
- နားအတွင်း နား ကြပ် ထဲ စက် ထဲ့ခြင်း
- အပိုင်း (၆) တွင်ဖေါ်ပြ ထား သည့် အစီ အစဉ် ပြု လုပ် ရန်

## အရေး ကြီး သည့် မှတ်ချက်များ

ဦးဏှောက်ပင်စည် တုံ့ပြန်မှု (ABR) မရှိ ခြင်း သည် နား ပင်း သွား သည် ဟု မယူ ဆ သင့်ပါ။ ဤ ကဲ့ သို့ ဖြစ် ခဲ့ လျှင် ကာကွယ် ကု ထုံး အ နည်း ငယ် ပို ၍ ရှုပ် သည့် သဘော ရှိ သည်။

နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ရှိ သော ခလေး များ သည် မိမိ တို့ နား ကြား မှု ကို ထိရောက် စွာ အသုံးပြု နိုင်သည်။

နားအာရုံကြောနှင့်ဦးဏှောက် အပ်စပ် မှု (AN/AD) ၏ အခြေ အနေ မည်မျှ ဆိုး သည် ကို ဤ အဆင့် တွင် ခန့် မှန်း ၍ မရ သော် လည်း၊ မိဘများ က ပညာ ရှင်များ နှင့် အတူ ခလေး အခြေ အနေ ကို စစ် ဆေး မှုများ ပြု လုပ် ခြင်း၊ စောင့် ကြည့် လေ့ လာခြင်းအားဖြင့်၊ ခလေး အတွက် အကောင်း ဆုံး ဆောင်ရွက် သင့် သည် များ ကို ရွေးချယ် ဆောင် ရွက် နိုင် သည်။

# နား ထိုင်း နား ပင်း ခြင်းအမျိုး အစား

## နား ထိုင်း သည့် အခြေအနေ မည် မျှ ဆိုး သနည်း

နားကောင်း ကောင်း ကြား နိုင်မှ သာ လျှင် စကား ပြော ခြင်း စကားတတ် ခြင်း ဖွံ့ ဖြိုး မှု ရှိ နိုင် မည် ဖြစ် သည်။ ခလေး နား မကြား မှု ကို စော နိုင်သမျှ စော၍ သိ နိုင် လျှင် ခလေး ၏ စကား တတ် မှု ကို ကြို တင် စီ စဉ် ဆောင် ရွက် နိုင် သည် ဖြစ် သော ကြောင့်၊ နောက် နောင် ခလေး အနေဖြင့် စကား ပြော တတ် လာ မှု အခြေ အနေ ပို ကောင်း လာ မည်။

မိမိ ၏ ခလေး နား မကြား ဘူး ဆို ရင် ဘယ် လောက် အ ထိ (အတိုင်းအတာ) မကြား ဘူး လဲ ဆို တာ သိ ဖို့ လို ပါ သည်။ ဘယ် ကဲ့သို့ သော နား မကြားမှုမျိုး ဆို တာ ကို လဲ သိ ဖို့လို အပ် ပါ သည်။

နား မကြားမှု အ တိုင်း အတာ မှာ အမျိုး မျိုး ရှိပါ သည်။ အနည်း ငယ် က နေ အ လွန် အမင်း အခြေ အ နေ ရှိ ပါ သည်။ နား ထိုင်း မှု အတိုင်း အတာ သည် ခလေး ၏ ဖွံ့ဖြိုး မှု အတိုင်း အတာ နှင့် တိုက် ရိုက် သက် ဆိုင် နေ ပါ သည်။

အောက်ပါ နားမကြားခြင်း အ တိုင်း အတာများ သည် ခလေး ၏ နား ထိုင်းမှု အတိုင်း အ တာ ကို ခွဲခြား ထား သည်။

### နား ထိုင်း ခြင်း အနည်း ငယ် (၂၀ – ၄၅ dB)

ခလေး မှာ နား ထိုင်းမှု အနည်း ငယ် သာ ရှိ လျှင် ခလေး သာမန် အား ဖြင့် ဆိတ်ငြိမ် သည့် နေ ရာ မျိုး တွင် နား ကြား သော် လည်း – ကစား ကွင်း အ တွင်း၊ မိသားစု များ စု ဝေး သည့် နေ ရာ မျိုး တွင် နား ကြား နိုင်မှု အခက် အခဲ ရှိ မည်။

### နား ထိုင်း ခြင်း အလည် အလတ် (၄၆ – ၆၅ dB)


မိ မိ ခလေး မှာ နား ထိုင်း ခြင်း အလည် အလတ် ဖြစ် ခဲ့ လျှင် မိ မိ ပြော သော စကား ကို သဲသဲ ကွဲကွဲ ကြား နိုင် မည် မဟုတ်ပါ။ အထူး သဖြင့် ဆူညံ သည့် နောက် ခံ ရှိ နေ လျှင် ပို ၍ ကြားမည် မဟုတ်ပါ။ အကယ် ၍ ခလေးများ နား မကြားမှု အလည် အလတ် အခြေ အနေ ရှိ နေ လျှင် နား ကြား အောင် ထောက် ကူ သည့် စက် ကရိယာ ကို သုံး သင့် သည်။ သို့မဟုတ်လျှင် ခလေး ၏ စကားပြော ဖွံ့ဖြိုး မှု ထိ ခိုက်မည် ဖြစ် သည်။

### နားထိုင်း ခြင်း အတော်အတန် ဆိုးခြင်း (၆၆–၉၀ dB)

မိမိ ခလေး မှာ နား ထိုင်းမှု အလွန် အမင်း ဖြစ် နေ လျှင်၊ သာမန်စကား ပြော သည် ကို ကြားနိုင် မည် မဟုတ် ပါ။ ထို့ အတွက် ကြောင့် အလို အလျောက် စကား ပြော တတ် မည် မဟုတ်ပါ။ သူ တို့ မှာ နား ကြား မှု အထောက် အကူ ကရိယာများ၊ အခြား စကား ပြော အထောက် အကူ ပြု မှု များ ကို အသုံးချ ပြီး သာမန်စကား ပြော ဖွံ့ဖြိုး မှု ဖြစ် နိုင် အောင် ဆောင် ရွက် ပေး ရ ပါ မည်။

### နားထိုင်း ခြင်း အလွန်အမင်း ဆိုးခြင်း (၉၁ dB+)

မိမိ ၏ ခလေး နားထိုင်း ခြင်း အလွန်အမင်း ဆိုးခြင်း စကား ပြော သံ များ ကို သော် ၎င်း၊ ဘေးပတ်ဝန်းကျင် အ သံ များ ကို သော် ၎င်း ကြား နိုင်မည် အဟုတ်ပါ။ ဤ အခြေ အနေ ရှိ သော ခလေး များ ကို နား အတွင်း တွင် နားကြပ် တပ် ဖို့ အကြံပြု မည် ဖြစ်ပါ သည်။ ဤ ခလေး များ သည် သဘာဝ ကျကျ စကား ပြော တတ်အောင် ကူ ညီ ပေး ရန် လို အပ် မည် ဖြစ် သည်။



# အမေး များ သည့် မေး ခွန်း များ

### ဘယ် အတွက် ကြောင့် နား ထိုင်း မှု များ ကို ခလေး အ သက် ဒီ လောက် ငယ် ကတည်း က ပြု လုပ် ရ သနည်း

ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး (SWISH) အစီအစဉ် သည် ခလေး များ နား ထိုင်း မှု ရှိ မရှိ ကို အ စော ဆုံး – မွေး ပြီး ပြီး ခြင်း – တွေ့ရှိ နိုင် ဂုန် ပြု လုပ် လျှက် ရှိ သည်။ အစော ဆုံး စစ် ဆေး မှု ပြု လုပ် ဖို့ နား ထိုင်း သည့် ခလေး မိ ဘ များ က ထောက် ခံ လျက် ရှိ ပါ သည်။ မိ ဘ များ အတွက် အစဦးပိုင်း တွင် အင်မတန် ခက်ခဲ မှုများ နှင့် ရင်ဆိုင် ရ သော် လည်း  – နောက် ပိုင်းတွင် မိဘ များ က ခလေး ၏ နား ရောဂါ ကို စောစီး စွာ သိ ရ ခြင်း အား ဖြင့် ခ လေး အတွက် အကျိုး များ စွာ ရှိ သည် ကို မြင် လာ ပါ သည်။

### စောစီးစွာ ရော ဂါ ရှာ ဖွေတွေ့ ရှိ ခြင်းအား ဖြင့် မည် ကဲ့သို့ သော အကျိုး ရှိ မည် နည်း။

စောစီးစွာ ရော ဂါ ရှာ ဖွေတွေ့ ရှိ ခြင်းအား ဖြင့် ခ လေး အတွက် စကား ပြောအဆက် အသွယ် ပြု ရာ တွင် အခွင့် အရေး ကောင်း ဖြစ် ပြီး၊ ခလေး ၏ စကား ပြော တတ်စ – ဖွံ့ ဖြိုး စ အချိန် – အရေး အကြီး ဆုံး အချိန်ဖြစ်သည်။ သုတေသန ရှာဖွေလေ့လာရေး များ အရ၊ ခလေး နား ထိုင်း မှု များ စော လျှင် စွာ ရှာ ဖွေတွေ့ ရှိ ပြီး၊ လို အပ် သည့် ကြို တင် လုပ် ဆောင် မှု များ ပြု လုပ် ခြင်း အားဖြင့် စကားပြောဖွံ့ ဖြိုး မှု ပို ၍ ကောင်း မွန် သည် ကို တွေ့ ရ သည်။ စကားပြော နိုင်မှု၊ အချက်ပြ စကား ပြော နည်း များဖြစ် သည့် ဆက်သွယ် ရေး ပြု လုပ် မှု များ သည် ပညာ ရေး၊ လူမှု ရေး နှင့် စိတ်ကျမ်းမာ မှု အတွက် အရေး ကြီး သည်။

### နားသောတအာရုံ ပညာရှင် က ခလေး ငယ် လွန်း သည့် အတွက် နား ကြားမကြား ကို ဘယ် လို သိ နိုင် ပါ သ လဲ။

ခလေးများ အတွက် နားကြားမကြား စစ်ဆေး စမ်းသပ် မှု သည် လက်တွေ့ ကျ ၍ အတော် ကို တိကျ မှန်ကန်သည်။ ခလေး ၏ နား၊ နှပ် ကြော၊ ဦးနှောက် ၏ တုံ့ ပြန် မှု များ ကို ကွန်ပျူ တာ က မှတ် သား ထား သည်။နားသောတ အာ ရုံ ကြော အထူးကျွမ်းကျင် ပညာရှင် က ၄င်း တုန့် ပြန်မှု ရလဒ် များ ကို နား ကြား သည့် ပြဿနာ ရှိ မရှိ ဖတ် ရှု နိုင် ပါ သည်။

### ကျွန်တော့ ခလေး ဒီ ပြဿနာ က နေ ကောင်း သွား နိုင် ပါ သလား

ခလေး ကြီး လာ တာ နဲ့ အမျှခလေး နား ကြား တာ တွေ ပြောင်း လဲ တတ် ပါ သည်။ သို့ သော် လည်း ခလေး များ ရဲ့ နား ကြားမှု အသက် ကြီး တော့ ပြန် ကောင်းလာ တာ ဖြစ်ခဲ ပါတယ်။ နားကြား ကရိယာ အထောက် အကူ များ၊ နားတွင်း နား ကြပ် များ ထဲ့ခြင်း များ က ခလေး များ ကို များ စွာ အထောက် အကူ ပေး နိုင်သည်။

> *“ ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး (SWISH) အစီအစဉ် မှ ခလေး မှာ နား ရောဂါ ပြဿနာ ရှိ သည် ဟု မိ မိ ခလေး များ တွင် တွေ့ ရှိ သော မိဘ များ အတွက် – တတ် နိုင် သလောက် – ဤ အကြောင်း နှင့် ပတ် သက် ၍ ဖတ် ရှု ပြ ရန် တိုက်တွန်း လိုပါ သည်။ ကျွန်တော်တို့ အတွက် အစဦး မှာ အင် မတန် နား လည် ရ ခက်ပါတယ် – ဒါ ပေ မဲ့ တဖြည်းဖြည်း နဲ့ နား လည် လာ ပါ တယ်။ ပြီး တော့် မိဘ အ နေ နဲ့ ပင်ကိုယ် အသိဉါဏ် ကို အသုံးပြု ရင် ဘယ် တော့ မှ မမှား တတ်ပါ ဘူး။ ကူ ညီ မည့် သူ တွေ အများ ကြီး ရှိ ပါ တယ်၊ ဘယ်သူ နဲ့ ပြောပြော လူ တိုင်း က သဘော ကောင်းပြီး ကူ ညီ ကြ ပါ တယ်။ ဒါ ကြောင့် ကိုယ့် ယုံ ကြည်မှု အပေါ် အခိုင် အမာ ရပ် တည် နိုင် ပါ တယ်။ ”*

# အမေး များ သည့် မေး ခွန်း များ



### ပို ပြီး အခြေ အနေ ဆိုး နိုင်လား – ပို ဆိုး လာ ရင်ဘယ် လို သိ နိုင် သလဲ။

တချို့ နား ရော ဂါ တွေ ဟာ ပို ဆိုး လာတတ် တာ မျိုး တွေ ရှိ ပါ တယ်။ အကယ် ၍ နား အနာ ဖြစ် လာ ရင် နား မကြားရ မှု ပို ပြီး ပြင်း ထန် တတ် ပါ တယ်။ ကု သပေး နေ တဲ့ ပညာ ရှင် အဖွဲ့ က ခလေး ရဲ့ နား အခြေ အနေ ကို အနီး ကပ် စီစစ် ပေး နေ မှာ ပါ။ အကယ် ၍ မိမိ ခလေး က အ သံ တုန့် ပြန် တာ ကို စိတ် ပူ တယ် ဆို ရင် – နား အာ ရုံ ကြော အထူး ကျွမ်း ကျင် သူ နဲ့ ဆွေး နွေး ပါ။

### ကျွန်တော့ ခလေး အ သံ ကြား နိုင် လား

ခလေး ကြား နိုင် တဲ့ အ သံ တွေ ဟာ နား မကြား တဲ့ အခြေ အနေ ဘယ် လောက် ဆိုး ရွား တဲ့ အပေါ် မှာ မူ တည် ပါ တယ်။ နား ရောဂါ ပြဿနာ ရှိ တဲ့ ခလေး အတော် များများ ဟာ အ သံ တချို့ တလေ ကို ကြား နိုင် ပါ တယ်။

### ကျွန် တော့ ခလေး ဘယ် လို အဆက် အသွယ် လုပ်မှာ လဲ

စော စီး စွာ ကြို တင် လုပ် ဆောင် ရ မည့် ဆောင် ရွက် ချက် တွေကို လုပ် ခြင်း အား ဖြင့် ခလေး မှာ ဆက်သွယ်မှု ပညာ ကို ကောင်း ကောင်း ဖွံ့ဖြိုး နိုင် မှာ ဖြစ် ပါ တယ်။ ကျွန်တော် တို့ အား လုံး ဟာ ဆက် သွယ် ရေး နည်း ပညာ ကို အ မျိုး မျိုး သုံး ပြ ပါ တယ် – စကား ပြော၊ စာ ရေး၊ လက် ဟန်၊ ကိုယ် ဟန် နဲ့ ဆက် သွယ် ပြ ပါ တယ်။ မိမိ ရဲ့ ခလေး က လဲ အ တူ တူ ပါ ဘဲ။။ ခလေး ဟာ စကား ပြော၊ အချက်ပြ၊ တမျိုး မ ဟုတ် ၂ မျိုး လုံး လဲ အ သုံး ချ တတ် ပါ တယ်။ ဒါ ကြောင့် အဆက် အသွယ် လုပ် ပုံ လုပ်နည်း အလျင် အမြန် ဆုံး ဖြတ် ဖို့ မလို အပ်ပါ ဘူး ။ မိ သား စု အများ စု က ခလေး နဲ့ အ ချိန် ရ လာ တဲ့ အခါ မှ အကောင်း ဆုံး အဆက် အသွယ် ပြု လုပ် နိုင် တဲ့ နည်း လမ်း တွေ ကို တွေ့ ပြီး ဘယ် လို ဆုံးဖြတ် ချက် ချ ရ မလဲ ဆို တာ ပို ပြီး သိ လာ ကြ ပါ တယ်။ ခလေး နဲ့ အဆက် အသွယ် လုပ် နိုင်တာ က အရေး ပို ကြီး ပါ တယ် – ဘယ် လို လုပ် ရ မလဲ ဆို တာ က ဒီ လောက် အရေး မကြီး ပါ ဘူး။

*❝ ကျွန်မ တို့ က ခလေး တွေ အတွက် ရှေ့ ဆောင် စောင် ရွက် ပေး ရ သူ တွေ ပါ ။ ကျွန် တော် တို့ သိသင့် သိ အပ် တဲ့ လမ်း ညွှန် တွေကို သိ ရ တော့ ခလေး ကို စောင့် ရှောက် ဖို့ အတွက် သော့ ချက် ရ တာ ဖြစ် ပါ တယ်။ ကျွန်မ အနေ နဲ့ သိ သင့် တဲ့ အကြောင်း တွေ ကို ပို သိ တော့ သူ တို့ အတွက် အကောင်း ဆုံး မိခင် ဖြစ် နိုင် တာ ပါ ဘဲ။ ❞*

### ကျွန် တော့ ခလေး က စကား ပြော တတ် ပါ့ မလား

နား မကြား တော့ တဲ့ ခလေး အများ စု က စကား ပြော သင် နိုင် ပါ တယ်။ သူ တို့ အနေ နဲ့ ဘယ် လောက် အထိ ပြော နိုင် သလဲ ဆို တာ ကတော့ အကြောင်း အမျိုး မျိုး ပေါ် မူ တည် ပါ တယ်။ ဥပမာ၊ သူတို့ နား မကြား နိုင်တာ ဘယ် လောက် ဆိုး သလဲ၊ နား ကြား အထောက် အကူ ကရိယာ တွေ က နေ ဘယ် လောက် အကူ အညီ ရ သလဲ၊ သူ တို့ စကား ပြော တတ်အောင် ဘယ် လောက် အထိ ထောက် ကူ သင် ကြား ပေး နိုင်တဲ့ အပေါ် မူ တည် ပါ တယ်။

### ကျွန်တော် တို့ ဆွေ့ အ နားမကြား ခြေဟန် လက်ဟန် ပြ တာ တွေကို သင် ကြား ထား ဖို့ လိုအပ် ပါ သလား

ခလေး တွေ ဟာ စကားပြော အဆက် အသွယ် ကို အ မြန် ဆုံး သင် လို့ တတ် ပါ တယ်၊ လက်ဟန်ခြေဟန် အချက် ပြ တာ တွေ ကို လဲ အမြန် ဆုံး သင် လို့ တတ် နိုင် ပါ တယ်။ (တခါ တရံ ၂ မျိုး လုံး ကို အသုံး ချ တတ် ပါ တယ်)၊ အ ကယ် ၍ မိ မိ ခလေး က လက် ဟန် ခြေဟန် ပြ တဲ့ ဆက် သွယ် နည်း ကို သုံး တယ် ဆို ရ င် မိမိ တို့ က လဲ ခလေး နဲ့ အဆက် အသွယ် လုပ် နိုင်အောင် သင် ဖို့ လို အပ် ပါ တယ်။

တချို့ မိသား စု တွေ က ခလေး အနေ နဲ့ ရေ ချိုး ချိန်၊ ပင် လယ် ကမ်းခြေ သွား လယ် ချိန်မှာ – နား ကြား အထောက် အကူ မ တပ် ဆင်ထား တဲ့ အခါမျိုးမှာ လက်ဟန်ခြေဟန် ပြ တာ အသုံး ဝင်တာ ကိုတွေ့ကြပါ တယ်။ ဩစတြေးလျ နိုင် ငံ မှာ သုံး တဲ့ လက်ဟန် ခြေဟန် ပြ လက္ခဏာ Auslan ဘာ သာ ရှိ ပါ တယ်။ မိမိ တို့ နေ ထိုင် တဲ့ နေ ရာ အနီး နား မှာ ရှိ မည့် သင်တန်း ကျောင်း တွေအကြောင်း နား သောတအာရုံကြော ဆိုင် ရာကျွမ်း ကျင်သူ ကို မေး မြန်း စုံ စမ်း နိုင်ပါ တယ်။

# အမေး များ သည့် မေး ခွန်း များ

### နောက် ထပ် တခြား ဆရာ ဝန် တွေ့ပြ လို့ ရ မလား

အချိန် မရွေး မိမိ တို့ ခလေး နား ကြားမှု နဲ့ ပတ် သက် ပြီး တခြား က သမှု ကို ရှာ ဖွေဆွေး နွေး နိုင် ပါ တယ်။ မိမိ တို့ ရဲ့ အထွေထွေ ဆရာဝန် ဒါ မှ မဟုတ် ရှေး ဦး ခလေး ကျမ်းမာ ရေး ဆေး ကု ခန်း များ က တခြား ကု သ မှု ရှာ ဖွေ နိုင် အောင် အကြံ အဉာဏ် ပေး နိုင် ပါ တယ်။ ပထ မဦး ဆုံး ဆောင် ရွက် တဲ့ စစ် ဆေး မှု ဟာ မှန် ကန် မှု နှုန်း မြင့် မား တဲ့ အတွက်၊ နောက် ထပ် အ သစ် စစ် ဆေး တဲ့ ရ လဒ် တွေ ဟာ လဲ ပထမ စစ် ဆေး မှု နဲ့ အဖြေခြင်း တူ ဖို့ က များ ပါ တယ်။

သီး ခြား ရှာ ဖွေတဲ့ နေ ရာ မှာ ခလေး အတွက် ကြို တင် ပြီး လုပ် ဆောင် သင်ကြား ပေး သင့် သည် များ သင် နှင့် သင့် ခလေး အတွက် အကောင်း ဆုံး နည်း လမ်းများ၊ အကောင်း ဆုံး အကြံ ဉာဏ်များ ရ ရှိ နိုင်သည်။ မိမိ အတွက် လို အပ် ချက် များ ပို မို ရွေး ချယ် နိုင် လျှင် မိ မိ တို့ ကိုယ် တိုင် လဲ ပိုမို ယုံ ကြည် စိတ် ချ နိုင် သည့် ဆောင် ရွက် ချက် များ ရ ရှိ မည် ဖြစ် သည်။

### ခလေး နား မကြားတာ ဘာ ကြောင့် ဖြစ် တာ လဲ

ခလေး နား မကြားတဲ့ အကြောင်း ရင်း အ မျိုးမျိုး ရှိ ပါ တယ်။ မျိုး ရိုး ဗီစ ကြောင့် ၄င်း၊ ခလေး နာ မကျမ်း ဖြစ် ရာ က ၄င်း၊ မမွေး မှီ ဖြစ် ပေါ် လာ တဲ့ ပြဿနာ ကြောင့် ၄င်း ဖြစ် နိုင်သည်။ များ သော အား ဖြင့် ခလေး နား မကြား ရ တဲ့ အကြောင်း ရင်း တွေ ထင် ရှား သိသာ တာ မရှိ ပါ ဘူး။ ခလေး အထူး ကု ဆရာ ဝန် က ပို ပြီး အကြောင်း ရင်း တွေကို ရှင်း ပြ နိုင် မှာဖြစ် ပါတယ်။

### အခြား ဘယ် လို စစ် ဆေး မှု တွေပြု လုပ် နိုင် ပါ သေး သလဲ

အကယ် ၍ ခလေး ဘာ ကြောင့် နားမကြား ရ တဲ့ အကြောင်း ရ င်း ကို ပို သိလို တယ် ဆို ရင် ခလေး အထူး ကု ဆရာဝန် က နေ အ မျိုး မျိုး စစ် ဆေး ဖို့ စီစဉ် ပေး နိုင် ပါ တယ်။ တ ခါ တရံ မှာ မိ သား စု ဝင် များ ကပါ – ဝင်ရောက် နား စစ် ဆေး သင့် ပါ တယ်။

### ဆရာ ဝန် များ က တခြား ပြဿနာ တွေကော တွေ့ နိုင် သလား

ခလေး တွေ မှာ နား ထိုင်းခြင်း ဟာ တခြားအကြောင်း တွေ နဲ့ ဆက် စပ် နေ တာ ကို တွေ့ ရှိ နိုင် ပါ တယ်။ အာခေါင် တွင် ကွဲကြောင်းဖြစ် နေခြင်း၊ နှလုံး ရော ဂါ ဖြစ် နေ ခြင်း၊ တခြား လက္ခဏာ များ –– မိ ဘများ သည် များ သော အား ဖြင့် နား အာရုံ ရောဂါ ရှာ မတွေ့ မှီ – ဤ အခြား သော ရော ဂါ အကြောင်း ကို သိ နှင့် နေ သည် က များ ပါ သည်။ ခလေး အထူးကု ဆရာဝန် က ခလေး ၏ ကျမ်း မာ ရေး အဝ ဝ အကြောင်း အရာများ ကို သင် နှင့် ဆွေး နွေး မည် ဖြစ် သည်။

### ကျွန်တော် တို့ ခလေး နောက် တယောက် ရ ရင် ဒီ လို ဘဲ နား ရော ဂါ ရှိ နိုင်သလား ။

ခလေး ရဲ့ နား ရော ဂါ ဟာ မျိုး ရိုး ဗီဇ က ပါ လာ တယ် ဆို ရင်၊ နောက် ခလေး မှာ လဲ ဒီ လို နား ပြဿနာ ရှိ ဖို့ အလားအလာ များ ပါ တယ်။ အကယ် ၍ စိတ် မချ ဘူး ဆို ရင် မျိုး ရိုး ဗီ ဇ နဲ့ ပတ်သက် ပြီး ပညာ ပေး ဖို့ အတွက် တောင်း ဆို လို့ ရ ပါ တယ်။

### နား မကြား တာ နဲ့ နား ပင်း တာ ဘယ် လို ကွာ ပါ သလဲ


နား မကြားခြင်း၊ နား ပင်း နား ထိုင်းခြင်း နား ရော ဂါ ပြဿနာ ရှိ ခြင်း ဆို တဲ့ ဝေါ ဟာ ရ အခေါ် အဝေါ် အား လုံး ဟာ အ သံ များ ကို သတ် မှတ် ထား တဲ့ ဘောင် အတွင်း ကောင်း ကောင်း မကြား ရ သူ အား လုံး ကို ဆို လို တာဖြစ် ပါ တယ်။

ယေဘု ယျ အားဖြင့်၊ နား မကြား ရ သူ တွေ၊ နား ထိုင်း သူ တွေ ဟာ နား ကြား အထောက် အကူ ကရိယာ (အသံ ချဲ့ နား ကြား အထောက် အကူများ – ဥပမာ အားဖြင့် နား ကြား အထောက် အကူ ကရိယာ များ၊ နား တွင်း တပ် ဆင် တဲ့ နားကြပ် များ) ကို အ သုံး ချ ၍ အ ဆက် အသွယ် ပြု လုပ် ကြ သည်။ နား မကြား ရ သူ များ သည် များ သော အား ဖြင့် သူ တို့ ရဲ့ မျက် စေ့ စက္ခု အာ ရုံ ကို အ သုံး ချ သည် က များ ပါ သည် – ဥပမာ အား ဖြင့် စကား ပြော နေ သည့် နှုတ် ခမ်း ကို ဖတ်ခြင်း သို့ မဟုတ် လက်ဟန် ခြေဟန် ပြ ခြင်း ကို အ သုံး ချ ခြင်း

### ကျမခလေး နား ကြား နိုင် တဲ့ ကရိယာ ကို ဝတ် ဆင် ရ မှာ လား

နား ကြား အထောက် အကူ ပြု ကရိယာ ကို အသုံး ပြု လျှင် ခလေး အတွက် နား ကြား တဲ့ နေ ရာ မှာ အများ ဆုံး အထောက် အကူ ပေး နိုင် ပါ တယ်။ *Australian Hearing* က နား သောတအာရုံ အထူး ကု ပညာ ရှင် က ဒါ ကို ဆွေး နွေး အကြံ ပြု သွား မှာ ဖြစ် ပါ တယ်။

# အမေး များ သည့် မေး ခွန်း များ



### နားအတွင်းထဲ နားကြပ် ထဲ့ တာ အထောက် အကူ ရှိသလား

နား အတော် အတန် ပင်း ခြင်းမှ အလွန်အမင်းပင်း သည့် ခလေး များ နား ကြား မှု အထောက် အကူ ပေး ကရိယာ က နေ အကျိုး ထူး မခံစား ရ တဲ့ ခလေး များ အတွက် နား အတွင်း ထဲ နား ကြပ် ထဲ့ တာ က အကောင်း ဆုံးဖြစ် ပါ တယ်။ နား အတွင်း ထဲ နား ကြပ် ထဲ့ တာ က နား မကြား သူ အား လုံး အတွက် လဲ မသင့် တော် ပါ ဘူး။ ခွဲ စိတ် ပြီး မှ ခက် ခက် ခဲ ခဲ ထဲ့ ရ တဲ့ အပြင် အ မြဲ မှန်မှန် ကု သ ပေး နေ ဖို့ လို အပ်ပါတယ်။ *Australian Hearing* က နား သောတအာရုံ အထူး ကု ပညာ ရှင် က နား အတွင်း ထဲ နား ကြပ် ထဲ့ တာ ကို ခလေး နဲ့ လုပ် သင့် မသင့် ဆွေး နွေး အကြံ ပြု သွား မှာ ဖြစ် ပါ တယ်။

### ကျွန်မ ရဲ့ ခလေး က အထူး သင် တန်း ကျောင်း တက် ရ မှာ လား

နား မကြား တဲ့ ခလေး အတော် များ များ က သာ မန် ကျောင်း တွေကို တက် နိုင် ကြ ပါ တယ်။ တ ချို့ ခလေး တွေ က အတန်း ထဲ မှာ အနည်း အကျင်း ကူ ညီ ပေး ဖို့ လို ပါတယ်၊ တချို့ ခလေး တွေ က တော့ နား မကြားတဲ့ ခလေး တွေ အတွက် အထူး လုပ် ထား ပေး တဲ့ ကျောင်း တွေကို တက်  ရပါ တယ်။ ခလေး အတွက် အသင့် တော် ဆုံး အကူ အညီ ရ ပြီး ခလေး က ပညာ ကောင်း ကောင်း တတ် နိုင်ဖို့ က အရေး ကြီး ပါ တယ်။

### နား ရောဂါ ဖြစ် တဲ့ ခလေး ရှိ လို့ ကျွန်မ အနေ နဲ့ အလုပ် လုပ် တာ တို့ ကျောင်း တက် တာ တို့ ကို ပြန် လုပ် နိုင် မလား

ခလေး ငယ် တဲ့ အချိန်မှာ တော့ ခလေး က အဆက် အသွယ် လုပ် ဖို့ အကူ အညီ ပို ပြီး လို မှာ ဖြစ် ပါ တယ်။ ဒီ လို လုပ် ပေး နိုင် ဖို့ အတွက်၊ ဆရာ ဝန် များ၊ ပညာ ရှင် များ နဲ့ ရက် ချိန်း များ မကြာ ခဏ မှန်မှန် လုပ် နေ ရ မှာ ဖြစ် ပါ တယ်။ အိမ်မှာ လဲ ခလေး နဲ့ အတူ နေ ပြီး ခလေး ကို သင်ပြ ပေး ရ မှာ တွေ ရှိ ပါ တယ်။ ဒီ လို အချိန် တွေ ပေး ရ မှာ ကြောင့် မိ သား စု အတွက် ကောင်း ဖို့ အရေး ပေး စဉ်းစား ရ မှာ ဖြစ် ပါ တယ်။ တချို့ ကတော့ အလုပ် ပြန် လုပ် ဖို့ ကို ရွှေ့ ဆိုင်း ထား ပြီး တ ချို့ ကျ တော့ အ လုပ် နဲ့ အ ဆင် ပြေ အောင် တွဲ လုပ် နိုင် ပါ တယ်။

### ခရီးသွား စရိတ်၊ ကုန် ကျ စရိတ် အထောက် အကူ ရ နိုင် မလား

အပိုင်း (၇) ကို ကြည့် ပါ

### တခြား ဘာ တွေ အကူ အညီ ရ နိုင်ပါ သလဲ

အပိုင်း (၇) ကို ကြည့် ပါ

> *“ ဤ အကြောင်း အရာ နှင့် ပတ် သက် ပြီး တတ် နိုင် သလောက် စုးစမ်း ရှာ ဖွေ လေ့လာ ပါ။ အတတ် ပညာ ရှင် များ ကို မေး မြန်း ပါ – စာ ပေ ဖတ် ရှု လေ့ လာ ပါ – ပို ပြီး အရေး ကြီး တာ က တခြား ဘဝတူ မိဘ များ နှင့် မိတ် ဖွဲ့ပြီး မှန် မှန် တွေ့ ဆုံ စကား ပြော ပါ။ တဦး အတွက် ကောင်း သည် မှန် သည် ရှိ သော် လည်း မိ မိ နှင့် သင့် လျှော် ချင် မှ သင့်လျှော် ပါ မည်။ စောင့် ကြည့် လေ့ လာ စမ်း သပ် ရင်း နဲ့ အကောင်း ဆုံး နည်း တွေကို တွေ့ သွား မှာ ဖြစ် ပါ တယ်၊ ဒါ ကြောင့် လို အပ် သလို ပြု ပြင် အ သုံး ချ ဖို့ အဆင် သင့် ရှိ ဖို့လို အပ် ပါ တယ်။ ”*

# ခလေး နှင့် အဆက် အသွယ် ပြု လုပ် ခြင်း

## အ ဆက် အသွယ်

ခလေး နား မကြားတဲ့ ပြဿနာ ရှိ နေ ပြီး ဆို တာ စောစော သိ သွားတဲ့ အခါ မှာခလေး နဲ့ အဆက် အသွယ် ပြု လုပ်နိုင် ဖို့ နည်း ပညာ ဖွံ့ဖြိုး နိုင် ခွင့် ရ တာ ဖြစ် ပါ တယ်။ ခလေး ဟာ အဆက် အသွယ် ပြု နည်း ပညာ ကို တ နည်း နည်း နဲ့ ပြု လုပ် တတ် မှာ ဖြစ် ပါ တယ်။ စကား ပြော ခြင်း ဖြင့် ၄င်း၊ လက်ဟန် ခြေဟန်ဖြင့် ၄င်း၊ သို့ မဟုတ် ၂ မျိုး လုံး ပေါင်း စပ် ၍ ၄င်း ဆက် သွယ် မည် ဖြစ် သည်။

ဆုံး ဖြတ်ချက် ကိုချက် ချင်း ချ ဖို့ မ လို အပ် ပါ ဘူး – အကောင်း ဆုံး နည်း ဆို ပြီး သတ် မှတ်ထား တာ မ ရှိ ပါ ဘူး – အကောင်း ဆုံး က တော့ ခလေးပေါ်မှာ မူ တည် ပါ တယ် – မိ သား စု အတွက် အဆင် ပြေ မှု ပေါ် မှာ လဲ မူ တည် ပါ တယ်။

## မိ ဘ များ အ တွက် နည်း နိသယ များ

### အထိရောက် ဆုံး အဆက် အသွယ် မွေးစ က စတင် ပြီး

- အသံ များ – အမူ အရာ များ
- မျက် နှာ အမူ အ ရာများ
- ခလေး ကို ချီ ခြင်း ပွေ့ ပိုက် ခြင်း
- ခလေး ကို ဖက် ထားခြင်း
- လက်ပွန်း သတည်း ကစားခြင်း
- မျက်နှာအမျိုး မျိုး လုပ် ပြခြင်း
- ခလေး ၏ မျက် လုံး ထဲ ငေး စိုက် ကြည့် ခြင်း

### ခလေး များ ဘယ် လို အဆက် အသွယ် ပြု သလဲ

- ပြုံး ခြင်း – ပျော် သည် – 'ကစား မည်'
- ငို ခြင်း – 'ဆာ သည် – နာ သည် – သေး စို နေ သည်'
- တကူးကူး လုပ် ခြင်း – 'နေ ကောင်း သည်'
- စူး စူး ရှရှ အော် ခြင်း – ' ပြန် လုပ် ပါ ဦး'
- စကား ပြောခြင်း
- လက် နှင့် ထိုးပြညွှန် ပြခြင်း – 'လိုချင်တယ် ပေး ပါ'

### ခလေး ရဲ့ အာရုံ ကို သင့် မျက် နှာရှေ့ ရောက် အောင် လုပ် ပါ။

- စကားပြောခြင်း သည် ခလေး ၏ အာရုံ ကို သင့် မျက် နှာ သို့ ဆွဲဆောင် သည် – ခလေး က နှုတ် ခန်း ကို ကြည့် ပြီး အသံ ကို ဖတ် တတ် လာ မည်။
- ခလေး မျက် နှာကို ၂၀ မှ ၂၅ စင် တီမီတာ အ ကွာမှ ကြည့် ပါ – ခလေး ရဲ့ အာရုံ အတွက် အကောင်းဆုံး အကွာအဝေးဖြစ် သည်
- လက်ဟန်၊ခြေဟန် ပြသည့် ဆက် သွယ် မှု ကို အသုံး ချ မည် ဟု ဆုံး ဖြတ် မည် ဆို လျှင်ခလေး က သင့် မျက်နှာ ကို ကြည့်ရ ပါ မည်။

### ခလေး က သင့် ကို အာ ရုံပြု ပြီ ဆို မှ စကား ပြော ပါ

- လက် တွေ ခြေတွေကို လှုပ် ရှား ပြပါ – ခလေး က စကား ပြော နေ မှန်း သိအောင်
- ခလေး အား သင့် မျက် နှာကို ကြည့် အောင် လုပ် ပါ။ အရုပ် ကို ခလေး မျက်နှာ နား ကို ပြ ပါ – ပြီး လျှင် သင့် မျက်နှာ ရှေ့ ကို ရွှေ့ လာ ပါ – သင် စကား ပြော သည့် အခါ ခလေး က သင့် ကို ကြည့် အောင် လုပ် ပါ။
- အရုပ် ကို အ ခေါက် ပေါင်းများ စွာ – ခေါက် ပြီး မှ စကား ပြော ပါ
- ခလေး က သင့် ကို ကြည့် အောင် ခလေး ရဲ့ ခြေ လက် ကို တို့ ပေး ပြီး မှ စကား ပြော ပါ

### ပတ်ဝန်းကျင်း ကို ပြောင်း လဲခြင်း

- ခလေး နဲ့ စကား ပြော သည့် အခါ ခလေး နှင့် အ နီး နိုင် ဆုံး ကပ် ပါ။ ဆူ ညံ သည့် နေ ရာ ဖြစ် လျှင် ပို ၍ ကပ်ပါ။
- ခလေး ကို သင့် အား နား ထောင် စေ လို လျှင် – ဆူညံ သံ နဲ သည့် နေ ရာ ကို ရွှေ့ ပါ – သို့ မဟုတ် – ဆူ ညံ သံ ကို လျှော့ ပေး ပါ
- ခလေး က သင့် အား မြင် နိုင် သည့် နေ ရာတွင် ထား ပါ
- အခန်း ထဲ တွင် မီး အလင်း ရောင် လုံ လောက် အောင် ထား ပါ။

# ခလေး နှင့် အဆက် အသွယ် ပြု လုပ် ခြင်း

## လက္ခဏာ များ ကို မှတ် မိခြင်း

- ခလေး က ပြ နေ သော လက္ခဏာ များ ကိုသတိ ပြု မှတ် ထားပြီး – လက္ခဏာ များ က ဘာ ကို ဆိုလို တာလဲ – မျက် လုံး နဲ့ လား – ကိုယ် နဲ့လား – အသံ နဲ့ လား
- ခလေး က ပြ နေ သော လက္ခဏာ များ ကို ယူ ပြီး – မျက်နှာအမူ အရာ – မျက်လုံး – ကူး ကူး မြည် သံ – ဘူး မှုတ် သံ – လှုပ်ရှား မှု တခုခု –––၅် လက္ခဏာများ ကို သင့် တော်သည့် စကား လုံးများ လက်ဟန်များ– မျက်နှာ အမူ အရာများ ပြ ပေး ပါ။
- ခလေး ကို အဆက် အသွယ် ပြု လုပ် အောင် အားပေး ပါ – ခလေး ပြော သည်များ ကို လိုက် ဆို ၍ သော် ၄င်း၊ ဖြည့် စွက် ၍ သော် ၄င်း ပြု လုပ် ပါ။

## လိုက် တု ပါ

- ခလေး လုပ် တဲ့ အသံ တွေ ၊ အမူ အရာ တွေကို လိုက်တု ပါ – ခလေး လိုက် ပြီး ပြန် တု တာ ကို စောင့် ကြည့် ပါ။
- အမူ အရာ များ စကား များ ကို လုပ် ပြပါ – ဥပမာ လက် ယန်း ပြီး တာ့တာပြ ပါ
- ခလေး ပြ နေ တာ ကို သင့် မျက်နှာက လိုက် တု ပါ

## အ သံ များ စကား များဖြင့် ကစားခြင်း

- စကား များ ကို အကြိုက် ဆုံးကစား စရာ အဖြစ် ထားပြီး – အခွင့် အရေး ရ တိုင်း အသုံး ချ ပါ
- စိတ် ဝင် စား စရာ ကောင်း တဲ့ အသံ ကြား တဲ့ အခါ – ခေါင်း ကို ဘယ် ညာ လှည့် ပြီး ရှာ ပါ – ဘယ် က အ သံ လာ သလဲ လို့ မေး ပါ
- ခလေး နဲ့ တူး ဘွာ ကစား ပါ
- အသံ ထွက် သည့် အရုပ် များ နှင့် ကစား ပေး ပါ

## သိကွဲ့ါ

- ခလေး၏ နားမကြား သည့် အဖြစ် ကိုပွင့်ပွင့် လင်း လင်း ခလေး နှင့်၄င်း၊ သူငယ်ချင်းများနှင့် ၄င်း၊ မိသား စု များ၊ ဆရာ၊ ဆရာ မများ နှင့် ၄င်း ဘွင်း ဘွင်း ပြော ပါ – ပြော သည့် အခါမှာ လဲ – ထိ ခိုက် သနား သည့် အသံ မပါ ပါ နှင့်။
- ခလေးငယ်စဉ် အချိန်မှာ နားထောင်တတ်သည့် အကျင့် ကောင်း ကို ယူ ပါ – ခလေး ပြု သမျှ ကို လက် ခံ ပါ။
- ဆက် သွယ်ရေး ဟူ သည် – စကား ပြောခြင်း – အမူ အရာပြခြင်း– မျက်နှာ လုပ် ပြခြင်း– ထိကိုင်ခြင်း – လက် ဟန် ပြ ခြင်း နှင့် တခြား အရာများ ပါ ဝင် သည်။
- လူ တိုင်း လူတိုင်း အဆို ပါ ဆက်သွယ် ရေး မျိုး ကို ပေါင်း စပ် အသုံး ပြု ကြသည်။
- ၄င်း နည်း လမ်း များကို ခလေး နှင့် သုံး နိုင် သမျှ သုံး ပြီး ခလေး ၏ စကား ပြော တတ် ခြင်း အဆက် အသွယ် လုပ် တတ် ခြင်း ဘာ သာ စကားပြော တတ်ခြင်းများ ကို တိုး တက် နိုင် သမျှ တိုးတက် အောင် သင်ပေး ပါ။

# ခလေး နှင့် အဆက် အသွယ် ပြု လုပ် ခြင်း

## နား တဖက်မကောင်း သောခလေးများ အတွက် – ဘယ် လို နည်း လမ်း မျိုး သုံး မလဲ

### ပတ်ဝန်းကျင် ရှုခွ အခြေအနေကို ပြောင်း လဲခြင်း

- ခလေး ကို ချ ထား တဲ့ နေ ရာ က၊ ခလေး ရဲ့ ကောင်း တဲ့ နား ဘက် ကိုကြားစေ လို တဲ့ အသံ တိုက် ရိုက် ရောက် အောင် ထားပေး ရ ပါ မည်။
- ခလေး ထိုင်တဲ့ ခုန်များ၊ ခလေး ပုခက် ထား သည့် နေ ရာ များ ကို – ဆူ ညံ တဲ့ နေရာ နဲ့ ဝေး အောင် ထား ပြီး – ကောင်း တဲ့ နား တဖက် ကို နား ကြား နိုင် တဲ့ အခွင့် အရေး ဖန် တီး ပေး ပါ။
- ကား ထဲ မှာ ခလေး ထိုင် ခုံ ကို လဲ နား ကောင်း တဲ့ ဘက် ရဲ့ ဆန့် ကျင် ဘက် မှာ ထား ပါ။
- ခလေး ထိုင် တဲ့ နေ ရာ မှာ – သူ့ ရဲ့ ကြား ရ တဲ့ နား တဖက် က စိတ် ဝင်စား စရာ ကောင်း တဲ့ အသံ တွေ ပို ကြား နိုင် အောင် စီစဉ် ပေး ပါ။
- အခန်း ထဲ မှာ အလင်း ရောင် ကောင်း ကောင်း ရှိ အောင် စီစဉ် ဖို့ လို အပ် ပါ တယ်။
- ခလေး ကျောင်း တက် တဲ့ အခါ မှာ လဲ – ခလေး ရဲ့ စာ သင် တန်း ထဲ မှာ ခလေး ရဲ့ ကောင်း တဲ့ နား ကို ပို ပြီး အသုံး ချ နိုင် တဲ့ အနေ အထား မှာ ထိုင် နိုင် အောင် စီစဉ် ပေး ဖို့ တိုက်တွန်း ပါ တယ်။


### အဆက် အသွယ် ပြု လုပ် တဲ့ နည်း လမ်းများ

- ခလေး နဲ့ စကား ပြော တဲ့ အခါ သင် နှင့် ခလေး အကွာ အဝေး – နီး နိုင်သလောက် နီး အောင် ထား ပါ။ ဘေး အသံ ဆူ ညံ မှု ရှိ လျှင် ပို ၍ အ နီး ကပ် ပေး ပါ။
- ခလေး ကို သင့် အား နား ထောင် စေ လို လျှင် – ဆူ ညံ သော အ သံ နှင့် ဝေး နိုင် သမျှ ရှောင် ၍ နေ ပါ။
- ခလေး ရဲ့ ကောင်း တဲ့ နား တဖက် ကို – သင့် အား နား ထောင် စေ လို လျှင် သင် နဲ့ နီး တဲ့ ဖက် ကို ထား ပြီး – အခြား အ သံများ နား ထောင် စေ လို ရင် အခြား အသံ ဖက် ဆီ ကို လှည့် ပေး ပါ။
- အသံ ဘယ် က လာ တယ် ဆို တာ ခလေး ကို ပြပေး ပါ။
- ခလေး ရဲ့ အာရုံ ကို ပထမ ရ အောင် ယူ ပြီးမှ ခလေး ကို စကား ပြော ပါ။
- စကား စပြောပြီ ဆို ရင် ခလေး မြင် နိုင် တဲ့ အမူ အရာတွေကိုပြ ပါ – ခလေး ဟာ သင့် ရဲ့ နှုတ် ခမ်း ကို မြင် ပါ စေ။
- ခလေး ကို ခေါ်တဲ့ အခါ မှာ ဘယ် အခန်း က နေ ခေါ် တယ် ဆိုတာ ပြောပြပါ။
- စိတ် ဝင် စား စရာ ကောင်း တဲ့ အသံ ကြား တဲ့ အခါ – ခေါင်း ကို ဘယ် ညာ လှည့် ပြီး ရှာ ပါ – ဘယ် က "အ သံ လာ သလဲ" လို့ မေး ပါ – ဘာ လုပ် နိုင်သ လဲ

### အိမ် မှာ ဘာ တွေလုပ်ပေး နိုင် သလဲ

- ခလေး က နား ထောင် ဖို့ လို အပ် တဲ့ အချိန် မှာ – ဖြစ် နိုင် လျှင် – နောက် ခံ အသံ တွေ ကို လျှော့ နိုင် သလောက် လျှော့ ချထား ပေး ပါ။
- သင် စကား ပြော သည့် အခါ ခလေး က သင့်အား မြင် နိုင် အောင် ပြု လုပ် ပါ။
- ခလေး ဟာ အသံ ဘယ် ကလာ သလဲ ဆို တာ ကို ခွဲခြား ရ ခက် တဲ့ အတွက် – လမ်း သွား သည့် အခါများတွင် – လမ်း ကူး သည့် အခါ မျိုး တွင် အထူး သတိ ထား တတ် ဖို့ သင် ပေး ပါ။
- ကောင်း တဲ့ ဖက် နား ကို ကာကွယ် ပေး ပါ – ဥပမာ အား ဖြင့် အသံ ကြီး သော စက်ကရိယာ များ – သီချင်း နား ထောင် သော နား ကြပ်များ ကို ရှောင် ကြဉ် ပေး ပါ။
- မကြာမကြာ ခလေး ရဲ့ ကောင်း တဲ့ နား ကို စီ စစ် ပေး ပါ – ကောင်း တဲ့ နား ဟာ နားထောင် နိုင်တဲ့ သာမန် အဆင့် ရှိ မရှိ ကို စီစစ် ပေး ပါ။ နား သောတအာရုံ အထူး ကု ပညာ ရှင်က သင့် အား ဘယ် လောက် ကြာ ရင် တခါ စစ် ရ မလဲ ဆိုတာ ကို အကြံပြု မှာ ဖြစ် ပါ တယ်။
- ခလေး က နား အနာ ဖြစ် ခဲ့ ရင် သူ တို့ ရဲ့ နား ကြားမှု အခက် အခဲ ပို ရှိ လာ တာ ကို သတိ ပြု မိ ပါ လိမ့် မည်။ ဆရာ ဝန် နဲ့ အမြန် ဆုံးပြ ဖို့ အရေး ကြီး ပါ တယ်။
- ခလေး မှာ – ပါးချိတ်ရောင်ခြင်း၊ ဝက်သက်ပေါက်ခြင်း ၊ ကာကွယ် ဆေး ထိုးခြင်းများ ကို အချိန်မှီ ထိုး ပေး ပါ။
- အပိုင်း (၇) ကို ကြည့် ပါ–– မိဘများ အဖွဲ့ ကို အထောက် အကူ ပေး ခြင်း

# ခလေး နှင့် အဆက် အသွယ် ပြု လုပ် ခြင်း



## မူကြို နှင့် ကျောင်း တက် သည့် အချိန် တွင် မည် ကဲ့သို့ ဆောင် ရွက် ရ မည်နည်း

- ခလေးမှာ နား တဖက် မကြားဘူး ဆိုတာကို ဆရာ၊ ဆရာမ ကို အကြောင်း ကြား ပါ။
- ခလေး ဟာ ဆရာမ နှင့် နီး သည့် နေ ရာ သို့ မဟုတ် နား ကောင်း ကောင်းကြား နိုင် သော နေ ရာ တွင် ထိုင် ခွင့်ပြု ရ မည်။
- ကောင်းတဲ့ နား တဖက် ဟာ ဆရာ မနဲ့အနီး ဆုံး ဖြစ် ဖို့ လို အပ် ပါ တယ်။
- ခလေး ဟာ ဆူ ညံ သံ ရှိ တဲ့ – ပန်ကာ – အအေး ပေး စက် နှင့် ဝေး နိုင် သမျှ ဝေး ရန် လို အပ် သည်။
- တခါတလေ – (ရေဒီယို ကဲ့သို့ သော) အသံ ဖမ်း စက် သို့မဟုတ် နား ကြား အထောက် အကူ စက် ကရိယာ တို့ သုံး လျှင် အကျိုး ရှိ သည်။ ဒီ အကြောင်း နဲ့ပတ် သက် ပြီး သောတအာရုံ အထူး ကု ပညာ ရှင်ကို မေး မြန်း နိုင် သည်။

## နား ကြား အထောက် အကူ စက် ကရိယာ

နား ကြား အထောက် အကူ စက် ကရိယာ ကို ခလေး က မှန်မှန် သုံး နိုင် ရင် အကျိုး အများ ဆုံးရ မှာ ဖြစ် ပါ တယ်။

နား ကြား အထောက် အကူ စက် ကရိယာ ဟာ သေချာ စွာ တိုင်း ထွာ တပ် ဆင် ပေး ရင် – အနေ ရ ခက် တာ တွေ– နာ တာ တွေ ရှိ မှာ မဟုတ်ပါဘူး။

ခလေး ရဲ့ နား ပုံ စံ ခွက် က နေ – ပုံ စံ အတိ အကျယူ ပြီး – ပုံ လောင်း ထား တဲ့ နားကြား အထောက် အကူ ကရိယာ သည် ခလေး ၏ နား နှင့် အံ ကိုက် ဖြစ် အောင် ပြု လုပ် ထား သည်။ *Australian Hearing* က နား သောတအာရုံ အထူး ကု ပညာ ရှင် က မကြာ ခဏ ခလေး ကြီး လာ တာ နဲ့ အမျှ နားပုံ စံ ကို ယူ သွား မှာဖြစ် ပြီး – နား နဲ့ အံ ဝင် ဂွင် ကျ ဖြစ် အောင် တပ် ဆင် ပေး မှာ ဖြစ် ပါ တယ်။

# ခလေး ကို စောင် မ ကြည့်ရှု ခြင်း

ခလေး းကို စောင် မ ကြည့် မှု ခြင်း မှာ – ခလေး ၏ ရေ ရှည် ကောင်း စား ရေး ကို ရှေ့ ရှု ဆောင် ရွက် ပေး ခြင်း ဖြစ် ပါ တယ်။

မိဘ တိုင်းဟာ မိမိ တို့ ရင်သွေး လေး များ အတွက် အဖြစ် စေ ချင် ဆုံး ဖြစ် ပါ တယ်။ သူ တို့ ကို အတတ် နိုင် ဆုံး အခွင့် အရေး ပေး ပြီး – ပျော် ရွှင် ပြီး ကိုယ့်ခြေထောက် ပေါ် ကို ရပ် တည် နိုင် တဲ့ ခလေး တွေ ဖြစ် လာနိုင် ပါ တယ်။ မိဘ များ ဟာ ခလေး များ အတွက် တာ ဝန် ရှိ ပါ တယ်၊ ခလေး တွေ ကောင်း ဖို့ အတွက် အဓိကဖြစ် ပါ တယ် – မိဘ တွေဟာ ခလေး တွေ အတွက် စောင် မကြည့် ရှု စောင့် ရှောက် သူ များ ဖြစ် ပါ တယ်။

ခလေကြီး လာ တာ နဲ့ အမျှ ခလေး ကို စောင့် ရှောက် ကာကွယ် ဖို့ အခြေ အနေ တွေ ကို ကြုံ လာ မည် ဖြစ် သည်။ အောက် ပါ လမ်း ညွှန်လေး များကို အသုံး ချ၍ ခလေး ကို ကာ ကွယ် စောင့် လျှောက် နိုင် သည်။

**၁။** သင် ဟာ ခလေး ရဲ့ အဓိက အထောက် အကူ ပြု ရေး တွင် အရေး ကြီး ဆုံးဖြစ် သောကြောင့် ခလေး ကို ကု သပြု စု သော ပညာရှင် အသင်း နှင့် ပူး ပေါင်း ဆောင် ရွက် သင့် သည် များ ကို ဆောင် ရွက် ရ ပါ မည်။ ခလေး အတွက် အကောင်း ဆုံး စောင့် ရှောက် နိုင် မှု သည် အောင်မြင် သည့် စောင့် ရှောက် မှု ဖြစ် သည်။

**၂။** နား မကြား မှု နှင့် ပတ် သက် ပြီး မိမိ ၏ ခလေး အပေါ် သက် ရောက် နိုင် သည့် အကြောင်း များ ကို လေ့လာ ဖတ် ရှု ဂုန်လို အပ်သည်။ လိုအပ် သည်များကို ဖတ်ရှု လေ့လာ ပြီး – ပညာရှင်များ နှင့် လဲ မေးမြန်းပြော ဆို ပါ။ အခြားဘဝတူ မိဘ များ နှင့် လည်း မိမိခလေး အတွက် လို အပ် မည့် အရာ များ အတွက် ပြော ဆို ဆွေး နွေး တိုင် ပင် ပါ။

**၃။** ခလေး ကို အထောက် အကူ ပေး ရာ တွင် ပါ ဝင် သည့် ဝေါဟာရ အသုံး အနှုန်း များ၊ ဘန်း စကား များ၊ စည်း ကမ်းများ ဆောင် ရွက် မှု များ ကို လည်း လေ့ လာ မှတ် သား ပါ ။

**၄။** မိမိ၏ ရ ပိုင် ခွင့် များ – လုပ် ဆောင် စရာရှိ သည် များ ကို ယုံ ကြည် စိတ်ချ စွာ ပြု လုပ် ပါ။ ထိရောက် အောင် အဆက် အသွယ် ပြု နိုင် ခြင်း သည် အောင် မြင် မှု သော့ ချက် ဖြစ် သည် –– မိမိ မှာ ရှိ သော ပင် ကိုယ် အသိ ဉာဏ် ကို အသုံး ချ ပါ။

**၅။** လိုအပ်သည်များ ကို ရေးမှတ် သည့် အကျင့် ပြု လုပ် ပါ။ စာများ ကို အား လုံး သိမ်းထား ပါ – ဖုံးပြော ခဲ့ သည့် အကြောင်း အရာများ ကို လဲရေး မှတ်ထား ပါ။

ခလေး ၏ လို အပ်ချက်များ – ခလေးအတွက် အထောက် အကူ ပြု ဖို့ မိ သား စု အတွက် အစီစဉ်ပြု လုပ် ထားတဲ့ စနစ် တွေ အား လုံး ကို သိ ဖို့ လို တယ် ဆို တာ မလွယ်ပါ ဘူး။ သို့ သော်လည်း ခလေး ကို ကာကွယ် စောင့်ရှောက် ရာ တွင် အထိ ရောက် ဆုံးဖြစ် နိုင် ဖို့၊ မိဘ များ က လေ့ လာ ဖတ် ရှု မှု များ မှ ထိ ရောက် မှု ရှိ မည်။ ခလေးအတွက် လို အပ် မှု များကို လေ့ လာ ဖတ်ရှု ရာမှာ အချိန် ယူ ခဲ့ သည့် အတွက် နောင် တ ရ စရာရှိ မှာ မဟုတ်ပါ ဘူး။

> *"ကျွန်တော် တို့ အတွက် ကတော့ – စုပေါင်း ဆောင် ရွက် တာ ဖြစ် ပါ တယ် – ကျွန်တော် တို့ က အခြေ အနေ အရ – သူတမျိုး ကိုယ် တမျိုး လုပ် ကြ ပါ တယ်။ ကျွန်တော် က နေ့ စဉ် လုပ် ရ မည့် အကြောင်း တွေကို သိ ပါ တယ် –– နေ့ တိုင်း ခလေး နဲ့ ရှိ နေ တယ် – ကျွန်တော် တို့ ၂ ယောက် လုံး က ခလေး လို အပ် ချက် တွေကို အတား အဆီး မရှိ ဘဲ သင်ကြား တတ်မြောက် ရ လေ အောင် – တစိုက်မတ်မတ် လုပ် ခဲ့ပါ တယ်။ မိ ဘများ အနေ နဲ့ ခလေး မှာ နား မကြား တဲ့ ပြဿနာရှိ တယ်ဆိုတာ ကို လက် ခံ ထားပြီး – ခလေး က လည်း လက် ခံ ပါ တယ်။ ခလေး ကို ကျွန် တော် တို့ က ကျမ်းမာ ရွှင် လန်း တဲ့ ခလေး များ အဖြစ် မြေတောင် မြှောက် ပြီး – သနား စရာ ကောင်း တဲ့ ခလေး အဖြစ် မဖြစ် စေ ပါ ဘူး"*

# မိမိ ၏ မိ သား စု



## မောင်နှမများ

အိမ်မှာ နောက် ထပ်ခလေး လေး တယောက် ထပ်ရ လာပြီ ဆို ရင် တခြား ခလေး များ အတွက် အခက် အခဲ လေး များ နှင့် ရင်ဆိုင် ရ ပါ တယ်။ ခလေး ဟာ နား မကြား တဲ့ ရောဂါ ပြဿနာရှိ တယ် လို့ ရော ဂါ တွေ့ ရှိ ရင် မိသားစု တစု လုံး – မောင် နှမ တွေ အပါအဝင် ထိခိုက် ကြပါ တယ်။ ခလေး ကြီး တွေ အတွက် ဆောင် ရွက် နိုင် တဲ့ ဆောင် ရွက် ချက် တွေ ရှိ ပါ တယ်။

- ခလေး ကြီးတွေကို နား မကြား တာ နဲ့ ပတ် သက် ပြီး – သူ တို့ အသက် အရွယ် နဲ့ ကိုက် ညီမဲ့ စကား လုံး များ နဲ့ ရှင်း ပြ ပါ။ အချက် အလက် တွေ ကို သိ ရင် သူ တို့ အနေ နဲ့ မရေ မရာ ဖြစ် နေ သည် များ ကို နားလည် ၍ – စိုး ရိမ် မှု ကျ ဆင်း သွား မှာ ဖြစ် ပါ တယ်။
- သူ တို့တွေ ရဲ့ ခံ စား မှု တွေ ကို နား ထောင် ပါ။
- ခလေး တဦး စီ ကို အချိန် သီး သန့် ပေး ပြီး ဂရုစိုက် ပါ။ ဆွေမျိုး မိတ် ဆွေများ ကို အကူ အညီတောင်း ၍ ခလေး ကြီး များ နှင့် အချိန် ယူ နိုင်ဆောင် ရွက် ခြင်းများ ပြု လုပ် ပါ။ ခလေး များ မှာ မိ ဘ များ နဲ့ (၁၀) မိနစ် ခန့် အနှောက် အယှက် မရှိ အချိန် ပေး နိုင် လျှင် ခလေး များ မှာ လည်း မိဘ ရဲ့ မေတ္တာ ဂရုဏာ စေတနာ ကို တွေ့ ထိ ခံ စား ရ ပြီး လုံ ခြုံ စိတ် ချ မှု ကို ခံ စား နိုင် မှာ ဖြစ် ပါ တယ်။
- ဆွေမျိုး မိတ် ဆွေများ ကို လည်း ခလေး ကြီး များ ကို အရေး ပေး ဂရု စိုက် ဖို့ သတိ ပေး ပါ။
- ခလေး အား လုံး ကို ဂရု စိုက်အချိန်ပေး ပါ –– အား လုံး က မိ ဘ ရဲ့ မေတ္တာ ကို အ ထူးလို အပ် သူ တွေဖြစ် ပါ တယ်။

## အဘိုး အဖွါး များ အတွက် အသိ ပေး ခြင်း

ခလေး တယောက် နား မကြား တဲ့ ရောဂါ ပြဿ နာ ရှိ တယ် ဆို တာ သိ ရ တာ နဲ့ အဘိုး အဖွါး များ အတွက် ခက် ခဲ တဲ့ အချိန် ဖြစ် ပါ တယ်။မြေး အတွက် စိတ်မကောင်း သလို – မိ မိ ရဲ့ ခလေး အတွက် လဲစိတ် မကောင်းဖြစ် ရ ပါ တယ်။ အဘိုး အဖွါး များ အနေဖြင့် မိ မိ တို့ သား သမီးများ အတွက် စိတ် ဓါတ် မကျအောင် အား ပေး နိုင် မှု သည် သားသမီးများ အတွက် – စိတ်ပြေ ရာ ပြေကြောင်း စိတ် သော က ရောက် တာ တွေကို လျှော့ချ ပေး နိုင် ပါ တယ်။ နား မကြား သည့် မွေး ကင်း စခလေး မိဘ များ က သူ တို့ ၏ မိ ဘ များ ထံ မှ ရ ရှိ နိုင် သည့် အား ပေး ထောက် ပံ့ မှု များ မှာ သူ တို့ အတွက် အရေး ကြီး ပါ တယ်။

အဘိုးအဖွါးများ အနေ နှင့် သားသမီး များ ကို ကူ ညီ နိုင် သည့် နည်း လမ်းများ များစွာရှိ ပါ တယ်။ ခလေး တွေ ဟာ အဘိုး အဖွါး များ အနေ နှင့် လဲ ပြု လုပ် ဆောင် ရွက် လို သော အ ရာ များ ဖြစ် သည့် – ခလေး များ ကို ယုယ ကိုင် တွယ် ခြင်း များ – ချီ ပိုက် လွဲ ခြင်းများ – သီချင်း ဆို ခြင်း – စကားပြောခြင်း များ ပြု လုပ်ပေး ဖို့ လိုအပ် သည်။

တချို့ မိသားစု များ ကလည်း – သန့်ရှင်း ရေး၊ အဝတ် လျှော် – မီးပူတိုက် – ဈေးဝယ် အစ ရှိ တဲ့ အလုပ် များ တွင် အကူ အ ညီ လို အပ် သည်။ မိဘ များ လို အပ် သည် များ ကို လမ်း ညွှန် သလို လက် ခံ ပြီး မိမိ ကိုယ် တိုင် ဝင် ရောက် မထိန်း သိမ်း ပါ နှင့်။

မြေးများ ကို ထိန်း ကူ ခြင်း အား ဖြင့် – ခလေး မိဘ များ အနား ရ အပန်းဖြေခွင့် ရ ကြ ပါ တယ်။ သူ တို့ အနေ နှင့် တ နာ ရီ လောက် အနား ရ လျှင် ပြန် လည် အား ရှိ လာ ပြီး အခြေအနေ အား လုံး ကို ပြန် လည် ထိန်း သိမ်း လာ နိုင် တဲ့ အား အင် တွေပြန် ရှိ လာ ပါ တယ်။

စက်မှု ကရိယာ တွေကို မကြောက် ပါ နဲ့။ နားကြား အထောက် အကူ ကရိယာ များ ကို တပ် ဆင် ပေး ခြင်း၊ ါတ် ခဲ လဲ ခြင်း အစရှိ သည် တို့ ကို သင် ထား ပါ။ ပထမ မှာ လုပ် ရ တာ နဲနဲ ရှုပ် ပေ မဲ့ ခဏ လေး နဲ့ အကျွမ်း တဝင် ဖြစ် သွားနိုင် ပါ တယ်။

မြေး ကို အ ရှိ အရှိ အတိုင်း လက် ခံ ပါ။ သူ တို့ ရဲ့ အောင် မြင် ချက် ကလေး တွေကို အသိ အမှတ် ပြု ပြီး ဝမ်း သာပါ။

## အထောက် အကူ မပြု နိုင်သော အရာ များ

သူ တို့ ကို “ စိတ် မပူ နဲ့ – ကြီး လာ ရင် ကောင်း သွားမှာ ပါ – စောင့် ကြည့် ပါ” – ဆိုတဲ့စကာ မျိုးတွေ ကို ရှောင် ပါ။ ခလေး ဟာ စော စီးစွာနား ကြားအထောက်အကူ ကရိယာ များ တပ်ဆင်ခြင်း၊ ကြို တင်လုပ် ဆောင် သင့် သည် များ ကို လုပ် ဆောင်ခြင်း ဖြင့် – မိ သား စု ၏ မေတ္တာ စေတနာ ထား သည့် ထောက် ပံ့မှု သည် မြေး အတွက် အကောင်း ဆုံး ဖြစ် ပါ သည်။

တဖက် သော မိ သား စု သို့ မဟုတ် မိသား စု ဝင် တဦး ဦး ကို လုံး၀ အပြစ် မတင် ပါ နှင့် – လုံး ၀ အကျိုး မရှိသည့် အပြင် စိတ် ညစ် စရာများ ပို ပွါး မည်။ နား မ ကြား တဲ့ ဗီဇ မျိုး ရိုး က လာ သည့် မိသား စု များ က ပင် မိမိ တို့ မိ သား စု ဝင် အထွေး ဆုံး မှာ နား မကြား တဲ့ ရောဂါ ဝေဒနာ ရှိ တယ် လို့ သိ ရ တာ နဲ့ မယုံ ကြည် နိုင် ဖြစ် ပြီး စိတ် မကောင်း ဖြစ် ကြ ပါ တယ်။

ဝေဖန်ခြင်း– ထင်မြင် ချက်ပေးခြင်းများ ကို ရှောင်ပါ။ ကျွမ်း ကျင် ပညာ ရှင်များ နှင့် ဆွေး နွေး တိုင် ပင် ပြီး ၄င်း တို့ ၏ ပညာ ပေး မှု – ကောင်း သော အကြံပြု မှု များ ကို ရယူ သော မိဘ များ သည် (မိမိပေး သော အကြံ အစီများ နှင့် လွဲ နေ ပေ မဲ့) မိ သား စု အတွက် အကောင်း ဆုံး ရွေးချယ် သည့် ဆုံးဖြတ် ချက် များ ဖြစ် သည်။

# ကြို တင် ပြု လုပ် နိုင် သော ကာ ကွယ် ဆောင် ရွက် ချက် များ

## ခလေး အတွက် ရှေး ဦး ကြို တင် ကာကွယ် ဆောင် ရွက် ခြင်း ဆို တာ ဘာ လဲ

ခလေး များ ၏ ရှေး ဦး ကြိုတင်ကာကွယ် ဆောင် ရွက် ခြင်း ဆို သည် မှာ ခလေး ၏ ကြီးထွားဖွံ့ ဖြိုး မှု အတွက် လို အပ် သည့် အဖက် ဖက် က အထောက် အကူ များ – မိဘများကို အထောက် အကူ ပေး ခြင်း အပါ အဝင် – ခလေး မွေး သည့် အချိန် မှ စ၍ ကျောင်း သွားသည့် အ ချိန် အထိ ကူ ညီပေးခြင်းဖြစ် သည်။

ခလေး များ ၏ ရှေး ဦး ကြိုတင်ကာကွယ် ဆောင် ရွက် ခြင်း ပြု လုပ် သည့် အခါ တွင် ဘက်ပေါင်းစုံ မှ ပူး ပေါင်းဆောင် ရွက် ရန် လို အပ်သည်။ ခလေး များ ၏ ရှေး ဦး ကြိုတင်ကာကွယ် ဆောင် ရွက် ခြင်း အစီ အစဉ် များ သည် များ သော အား ဖြင့် နား မကြား သော ခလေး များ အနေဖြင့် စကားပြောတတ် အောင် ဖွံ့ ဖြိုး ခြင်း ကို အဓိက ထား ကြသည့် အပြင် – ခလေး၏ လူမှု ဆက် ဆံ ရေး၊ ကိုယ် ကာယ ဖွံ့ဖြိုး ရေး – လို အပ် ချက်များ– မိ သား စု ၏ လို အပ် ချက် များ ကို ပါ ထည့်သွင်း စီစဉ် စဉ်းစား ပါ သည်။

မိဘများ သည် ၎င်း အစီအစဉ် ထဲ တွင် အစ မှ စတင် ပါဝင် ရန် လို အပ်သည်။ သင် သည် ခလေး ကို စောင့် ရှောက် သည့် အဖွဲ့ ထဲတွင် အဓိက နေ ရာ မှ ပါ ဝင် သူ တဦး ဖြစ် ရ မည်။ ခလေး ကို စောင့်ရှောက် သော အဖွဲ့ တွင် မိဘ များ၊ ကူညီစောင့်ရှောက်သူများ၊ ၎င်း အပြင် ခလေး အထူး ကု ဆရာဝန်၊ နား သောတအာရုံ အထူးကု ပညာရှင်၊ နားမကြားသူများကို သင်ကြားပေး သည့် ဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ စကားပြော အထူး ပညာရှင်များ၊ လူမှုဖူလုံရေး လုပ်သားများ၊ စိတ်ဓါတ် ရေးရာ အားပေးသူများ နှင့် ပညာရေး စိတ္တပါရဂူ များ လည် ပါ ဝင် ပါ သည်။ အခြားပါဝင် နိုင် သည့် ပညာရှင်များ မှာ အကြောအရိုး အထူးကျွမ်းကျင်သူ၊ လုပ်ငန်းဆိုင်ရာ အထူး ကျွမ်းကျင် ပညာရှင်များ၊ နှင့် အခြား ခလေး နှင့် မိသား စု ဝင်များ လို အပ် မည့် အထောက် အကူ များပါ ဝင် ပါ သည်။

## ကျွန်တော့ ခလေး အနေ နဲ့ ရှေး ဦး ကြိုတင်ကာကွယ် ဆောင် ရွက် ခြင်း ဘာဖြစ် လို့ လို အပ်မှာလဲ


သုတေသန ရှာဖွေတွေ့ ရှိ ချက် များအရ ခလေးများ နား မကြား မှု ကို ရှေး ဦး ကြိုတင်ကာကွယ် ဆောင် ရွက် ခြင်း ကို ခလေး (၆)လ မပြည့် မီ ပြု လုပ် ခြင်း သည် – ခလေးအနေဖြင့် – မည်သည့် နားကြား အထောက် အကူ ပြု နည်း နှင့် အဆက် အသွယ် ပြု နည်းမျိုး ကို သုံးစေကာမူ – ခလေး၏ တိုးတက် ဖွံ့ဖြိုး မှု သည် အကောင်း ဆုံး ဖြစ် သည်။ခလေး ရဲ့ နား မကြား တဲ့ ပြဿနာကို စော နိုင် သ၍ စော အောင် တွေ့ ရှိ ပြီး – ခလေး ကို ကြို တင်ဆောင် ရွက် ပေး ရ မဲ့ အစီအစဉ် တွေကိုစဉ်းစားဆုံး ဖြတ် လို့ ရ ပါ တယ်။ အချိန် ယူ စဉ်းစား ချိန် ရ သော် ငြား လည်း လပေါင်း စွာ အချိန် ကို မ ဆွဲသင့် ပါ။

## မည် သည့် ကြို တင် ဆောင်ရွက် သည့် နည်း လမ်း က ကျွန်တော့ ခလေး အတွက် အကောင်း ဆုံး ဖြစ် နိုင် လဲ

*Australian Hearing* ဌါန ကို ပထမဆုံး ရောက် တဲ့ အခါ မှာ *Choices* ဆို တဲ့ရွေး ချယ် နိုင် တဲ့ နည်း လမ်း များ စာ အုပ် ကို ရ မှာ ဖြစ် ပါ တယ်။ *Choices* ဆို တဲ့ရွေး ချယ် နိုင် တဲ့ နည်း လမ်း များ စာ အုပ် ကို ကြည့် ပြီး ဘယ် လို နည်း လမ်း တွေ ရ ရှိ နိုင် သလဲ ဆို တာ ကို စ ပြီး ရှာ နိုင် ပါ တယ်။ ဒီစာအုပ် ထဲမှာ နားမကြားတဲ့ ခလေး နဲ့ပတ် သက် ပြီးကြုံ ရ သွား ရ မည့် လမ်းခရီး အား လုံး ကို ဖေါ်ပြ ထားပြီး – ဘယ်လို ကြို တင် ဆောင်ရွက် သည့် နည်း လမ်း တွေ အမျိုး စုံ ကို လဲ ခြုံ ငုံ ရှင်း ပြ ထား တဲ့ အပြင် – ဒီ နည်းလမ်း တွေ ရ ဖို့ ဘယ် လို ဆက် သွယ်ရ မလဲ ဆို တာ တွေပါ ဝင် ပါ တယ်။ မိမိ တို့ နေ ထိုင် တဲ့ ရပ် ကွက် နဲ့ နီး တဲ့ နေ ရာ တွေ မှာ ဘယ် လို နည်း လမ်း တွေ ရ ရှိ နိုင် မလဲ ဆို တာ တွေကို ဖတ်ရှု လေ့လာပါ။ နည်း လမ်း အစီအစဉ် တွေရှင်းပြတာတွေကို တခု မ က တက် ရောက် ပြီး လေ့လာပါ။ အစီ အစဉ် ကို အတွေ့ အကြုံ ရှိ ဘူး တဲ့ မိ ဘ တွေ နဲ့ ဆွေး နွေး တိုင် ပင် ပါ။ နား မကြား တဲ့ လူကြီး တွေ ရဲ့ အတွေ့ အကြုံ တွေကို လဲ – သူ တို့ မိဘ များ အနေ နဲ့ သူ တို့ အဖို့ ရွေး ချယ် ပေး ခဲ့ တဲ့ နည်း လမ်း နဲ့ပတ် သက် ပြီး မေးမြန်း ကြည့် ပါ။ လူ တဦး တည်း ရဲ့ စကား ကို ဘဲ နား မထောင် ပါ နဲ့။ အကြံ အဉါဏ် အား လုံး ကို နား ထောင် ပြီး မိမိ ကိုယ် တိုင် ဖြစ် ပေါ် လာ တဲ့ ဆုံး ဖြတ် ချက် အပေါ် ယုံ ကြည် မှု အပြည့် အဝ နဲ့ ဆောင် ရွက် ပါ။

သင့် ရဲ့ မိ သား စု အတွက် အသင့်တော် ဆုံးဖြစ် မယ် လို့ထင်တဲ့ အစီအစဉ် ကို ရွေးချယ်ပါ။ တမျိုး မ က ရွေး ချယ် နိုင်ပါတယ် – အဆင်ပြေ ဆုံးဖြစ် ချင်မှ လဲဖြစ် မှာ ပါ။ ရွေး ချယ် လိုက် တဲ့ အ စီအစဉ် ဟာ မှန် သည် မှား သည် ဆိုတာ မရှိပါ၊ ရွေး ပြီး ရင် လဲ တသက် လုံး ပြောင်း လို့ မရ တော့တဲ့ အ ရာ မ ဟုတ်ပါ ဘူး – ပြောင်း နိုင်ပါ သေး တယ်။

# ကြို တင် ပြု လုပ် နိုင် သော ကာ ကွယ် ဆောင် ရွက် ချက် များ



**အခြားသော မိတ် များ  သို့မဟုတ်၊ နားမကြား သည့် လူကြီး များ ဘယ် လို အဆက် အသွယ် လုပ် လို့ ရ မလဲ**

- နည်းလမ်း အမျိုး မျိုး ရှိ ပါ တယ် – မိတ်များ တဦး နှင့် တဦး အထောက် အကူ ပြု အဖွဲ့ – သူ တို့ ကို ဆက် သွယ် နိုင်တဲ့ အသေး စိတ်တွေကိုလဲ ပေးထား ပါ တယ်။
- Deaf Society of NSW လို့ခေါ်တဲ့ NSW ပြည် နယ် ဆွံ့ အ နားမကြား အဖွဲ့ အစည်း – ဒီ အဖွဲ့ ကနေတဆင့် နား ပင်း၊ နား ထိုင်း၊ နား မကြားတဲ့ လူကြီးတွေကို တွေ့နိုင်ပါ တယ်။

SWISH  လို့ခေါ်တဲ့  ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အစီအစဉ် က လူ မှု ဝန်ထမ်း လုပ်သား က နေ တခြား မိတ် များ နဲ့ လဲ မိတ် ဆက် ပေး နိုင် ပါ တယ်။

**စောစီးစွာကြိုတင် ပြု လုပ်ရမည့် အချက်များ ––**

ခလေး ၏ကျမ်းမာရေးမှတ်တန်းစာ အုပ် ထဲ တွင် စောစီးစွာကြိုတင် ပြု လုပ်ရမည့် အချက်များ ကို ထဲ့ ထား သည် ကို ကြည့် ၍ မည် သည့် ကြိုတင် အစီအစဉ် များ ကို ပြု လုပ် ရမည် ကိုစဉ်းစား သည့် မေးခွန်းများ ကို စုံစမ်းနိုင် မည်။ သင့် အတွက် ရော ခလေး အတွက် ပါ လို အပ် တာ နဲ့ ကိုက် တဲ့ အစီ အစဉ် ကို ရွေး ချယ် ဖို့ လို အပ် သည်။ ရွေး ချယ် လိုက် တဲ့ အ စီအစဉ် ဟာ မှန် သည် မှား သည် ဆိုတာ မရှိ ပါ၊ ရွေး ပြီး ရင် လဲ – ပြောင်း နိုင်ပါ သေး တယ်။

*❝ မိသားစုတွေ နဲ့ မိတ် ဆွေ တွေ က အံ့သြဖို့ကောင်း တယ်။ စောစီးစွာ ကြိုတင်ဆောင်ရွက်မှု အစီ အစဉ် ပြု လုပ် လိုက်တာ အသိုင်း အဝိုင်း နဲ့ အတူ တကွ လုပ် ကိုင် ရ သလို ပါဘဲ။ အထောက် အကူ ပေး တဲ့ အဖွဲ့ ကလဲ သိပ် ကူညီတာဘဲ။ အကယ်၍ တခုတခု နဲ့ သဘော မတူ ဘူး ဆို ရင် လဲ – သိထားတဲ့ အရာ အား လုံး ကို လဲ ပယ်စရာမလို ပါဘူး။ အခုပေးထား တဲ့အကြောင်း အရာ တွေ အား လုံး ဟာ  နား မကြားမှု နဲ့ ပတ် သက် တဲ့ အကြောင်း အရာ တွေ သက်သက် မဟုတ် ပါ ဘူး – ဒီ ထဲ ကနေ ကောင်း တဲ့ အကြောင်း အရာ တော်တော် များ များ ကို အသုံး ချ နိုင် ပြီး – မိမိ ခလေး အတွက် မိတ် ကောင်း တဦး ဖြစ် လာနိုင် ပါ တယ်။ ကျွန် တော့ မိတ် တွေက အဝတ်လျှော် အဝတ် ခေါက်၊ ခြံ ကို ရှင်း ပေး နဲ့ နား မကြား တဲ့ ကိစ္စတွေ နဲ့ တော့ မပတ် သက် ပေ မဲ့ – ခလေး အတွက် ရက်ချိန်း တွေ သွား ရ တာ များ ပြီး မော တော့ အ ခု လို ရ တဲ့ အကူ အ ညီတွေ အတွက် သိပ် ပြီး ကျေး ဇူး တင် ပါ တယ်။ ❞*

# အထောက် အကူ

## SWISH လူ မှု ဖူ လုံ ရေး လုပ် သား များ

SWISH လူ မှု ဖူ လုံ ရေး လုပ် သား များ ရဲ့ လုပ် ငန်း များ က – မိသား စု တွေ ခလေး နား မကြားဘူး ဆို တဲ့ သတင်း ကို ရပြီးနောက် စိတ် ဓါတ် နဲ့ လူ မှု ရေး ရာ ပြေ ရာ ပြေ ကြောင်း အဓိက ထားပါ တယ်။ မိသား စု အနေ နဲ့ ခလေး ရေး ဂ္ဂာ ကို အဓိက ထားဆောင်း ရွက် တာ ဖြစ် ပါ တယ်။

လူ မှု ဖူ လုံ ရေး လုပ် သား များ ဟာ SWISH အ ဖွဲ့ ထဲ က အဖွဲ့ ဝင် တဦး ဖြစ် ပြီး – နားသောတ အာ ရုံ ကြော ဆိုင် ရာ အထူး ပညာ ရှင် က ခလေး ကို နား မကြား ဘူး ဆို တာ သိ တာ နဲ့ SWISH လူ မှု ဖူ လုံ ရေး လုပ် သား များ နဲ့ ပြ ဖို့ ညွှန်း ပါ တယ်။ လူ မှု ဖူ လုံ ရေး လုပ် သား များ ဟာ စစ် ဆေး ချိန် မှာ ရှိ တတ် ပြီး – တခါ တရံ နား စစ် ဆေး ပြီး ရော ဂါ တွေ့ ရှိ တဲ့ နောက် ပိုင်း မှာ တွေ့ ဆုံ နိုင် ပါ တယ်။

SWISH လူ မှု ဖူ လုံ ရေး လုပ် သား များ ကို Westmead ခလေး ဆေး ရုံ၊ ဆစ် နီ ခလေး ဆေး ရုံ နဲ့ John Hunter ခလေး ဆေး ရုံ တို့ မှာ တွေ့ ရှိ နိုင် ပါ တယ်။ လူ မှု ဖူ လုံ ရေး လုပ် သား များ ကို ဆေး ရုံ တွေ တိုင်း မှာ ရှိ တဲ့ လူမှု ဖူလုံ ရေး ဌါ န က နေ ဆက်သွယ် နိုင်ပါ တယ်။

လူ မှု ဖူ လုံ ရေး လုပ် သား များ က နေ ရာ အတော် များများ မှာကူ ညီ ပေး နိုင် ပါ တယ်။

- ခလေး ၏ နားကြား မှု နှင့် ပတ် သက် သည့် စိတ် ပူ ပန် မှု များ –– ခလေး ဟာ နား လေး၊ နား ထိုင်း၊ နား မကြား တဲ့ပြဿနာ ရှိ တယ် လို့ သိ ရ တဲ့ အခါ မှာ မိဘ များ အနေ နဲ့ စိတ် သောက ရောက် ကြ ပါ တယ် –ဒီ အခါ မျိုး မှာ မိ သား စု အပြင် က လူ တွေ နဲ့ ဆွေး နွေး ရင် စိတ် သက် သာ ရာ ရ ပါ တယ်။
- ဆေး ရုံ အတွင်း နဲ့ မိမိ အသို င်း အ ဝိုင်း အတွင်း က ရ နိုင် တဲ့ အကူ အညီ တွေ၊ ပညာ ရ နိုင် တဲ့ အရာ တွေ ကို – လူမှု ဖူ လုံ ရေး လုပ် သား က သင့် တော် တဲ့ အကူ အညီ တွေ၊ ပညာ ဗဟု သု တ တွေ ကို ရှာ ဖွေ ပေး နိုင် ပါ တယ်။ ဒီ အထဲ မှာ သင် နှင့် သင့် မိသား စု အတွက် သင့် တော် တဲ့ အကူ အ ညီ တွေ – မိသား စု တွေ ရ ရှိ နိုင် တဲ့ အထောက် အကူ တွေ – နေ အိမ် ကိစ္စ တွေ၊ အခြား အထောက် အကူများ – အခြား ဝန် ဆောင် မှု များ ရရှိ နိုင် ရေး တွေ ကို ကူ ညီ ပေး နိုင် ပါ တယ်။
- မိ သား စု ဆက် ဆံ ရေး ပြဿနာ များ – နား မကြား တဲ့ ခလေး ရှိ တယ် လို့ ရော ဂါ တွေ့ ရှိ ဂ္ဂင် မိ သား စု တွင်း ဆက် ဆံ ရေး ပြဿနာ တွေ ဖြစ် တတ် ပါ တယ်။
- မိဘ များ တာ ဝန် ထမ်း ဆောင် ခြင်း
- အပြောင်း အလဲ အဆုံး အရှုံး များ နှင့် ရင် ဆိုင် ခြင်း

အ ကူ အညီ ပေး နိုင် သည် များ မှာ

- မိသား စု များ အနေဖြင့် လို အပ်မည့် အကူ အညီ များ ကို စီစစ်ပေး ခြင်း
- မိဘ များ ကို စိတ် ဖြေသိပ်အား ပေး ခြင်း
- ပညာ ပေး ခြင်း နှင့် အထောက် အကူပြု အဖွဲ့ များ
- ဝန် ဆောင်မှု များ နှင့် အထောက် အကူ ပြု အကြောင်း ကိစ္စ များ ကို ရ ရှိ နိုင် ရေး

လူ မှု ဖူ လုံ ရေး လုပ် သား က သင့် အား ဆေး ရုံ မှာ သော် ၄င်း၊ သင့် အိမ်တွင် ၄င်း လာ ရောက် တွေ့ ရှိ နိုင် သည်။

# အထောက် အကူ



## အကျိုးရ ရှိ နိုင် မှု များ

### ခရီး လမ်း သွား အထောက် အကူ များ

ဆေးကုသမှုအတွက်ခရီး စရိတ် – မိမိ နေ တဲ့ ရပ် ကွက်အ နီး အနား မှာ လို အပ် တဲ့ အထူး ဆေး စစ် ကု သ မှု မ ရ နိုင်သူ များ – ခရီး ဝေး လံ ပြီး အကူအညီ အလွယ်တကူ မရ နိုင်သူ များ – ငွေ ကြေး အကူအညီလို သူ များ အတွက် ခရီး စရိတ် တစိတ်တဒေသကူ ညီ ပေး ခြင်း – ကုန်ကျ သွား သည် ကို ပြန် ငွေ ပြန်ပေး သည့် အစီ အစဉ် ဖြစ် သည်။

ဆေးကုသမှုအတွက်ခရီး စရိတ် နှင့် ပတ်သက် ၍ ကူ ညီ ပေး သည့် နေ ရာ တွင်၊ ပွဲစားမှ တဆင့် ခရီးသွား စီစဉ် ပေး ခြင်း၊ ပုတ်ပြတ် အစီ အစဉ် နှင့် ခရီး သွား ရန် စီစဉ် ပေး ခြင်း၊ သို့ မဟုတ် သက် ဆိုင် ရာ ကျမ်းမာရေး ဝန်ဆောင်မှု အစီအစဉ် ဖြင့် ခရီး သွားနိုင် အောင်စီစဉ် ပေးခြင်းများ ဖြစ် သည်။ အစီအစဉ် မှာ ပါ ဝင် တဲ့ လူ နာ ကို အထူးကု ဆရာဝန်များ၊ သွား စိုက် ဆရာဝန်များ၊ သောတအာရုံ အထူးကု ဆရာဝန်များ ဆီ ကို ရောက် အောင် တိုက် ရိုက် ပို့ ပေး ခြင်းဖြစ် သည်။

ဆေးကုသမှုအတွက်ခရီး စရိတ် တစိတ် တပိုင်း အထောက် အကူ သည် NSW ပြည် နယ် က အစီအစဉ် ဖြစ် ပြီး – ဝေးလံ ခေါင်ခိုက် သည့် နေ ရာ တွင် နေ သည့် လူ နာ များ အတွက်၊ ခရီး သွား တည်း ခို စရိတ် အစီ အစဉ်၊ နှင့် (SWISH) ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အတွက် ခရီး စရိတ် အစီအစဉ် တို့ အတွက်ပါဝင် ပါတယ်။

### ဝေးလံခေါင်ခိုက်သော နေရာမှ လူ နာ များ အတွက် ခရီး နှင့် တည်း ခို စရိတ် (IPTAAS)

(IPTAAS) ဝေးလံခေါင်ခိုက်သော နေရာမှ လူ နာ များ အတွက် ခရီး နှင့် တည်း ခို စရိတ် သည် ဝေး လံ ခေါင်ခိုက်ပြီး အကူ အညီ ရ ရန် မလွယ် သည့် နေ ရာ တွင် နေ ထိုင်ပြီး အထူး ကု ဆရာဝန်များ နှင့် ကု သ ရန် အထောက် အကူ ပေး ခြင်း ဖြစ် သည်။ အနီး ဆုံး အထူး ကု ဆရာဝန်များ နှင့် ၁၀၀ ကီလိုမီတာ ထက်ဝေး တဲ့ နေ ရာ မှာ နေ သူ များ လျှောက် နိုင် သည်။

(IPTAAS) ဝေးလံခေါင်ခိုက်သော နေရာမှ လူ နာ များ အတွက် ခရီး နှင့် တည်း ခို စရိတ် သည် – မီး ရ ထား ခ၊ ဘတ်စ်ကား ခ၊ ခလေး နှင့် လူ ကြီး တယောက် အတွက် စရိတ် ကို ပြန် ပေး သည်။ သို့ မဟုတ် ဓါတ် ဆီဖိုး ပြန် ပေး သည်။ လေယဉ် ခ ကို ဆေး ခွင့် ပြု ချက်စာ ကြို တင် ရ မှပြန် ပေး သည်။ (IPTAAS) ဝေးလံခေါင်ခိုက်သော နေရာမှ လူ နာ များ အတွက် ခရီး နှင့် တည်း ခို စရိတ် သည် တည်း ခို စရိတ် ကို လည်း ပြန် ပေး သည်။ သတိထား ရ မည့် အချက် မှာ ဤ အစီအစဉ် တွင် ကုန် ကျစရိတ် တချို့ တဝက် သာ ပြန် ပေး သည်။ ပြန် ပေး သည့် အခါတွင် မိမိ ကုန် ကျ သည့် တချို့ ကို သာ ပြန် ပေး သည်။ ဤ အစီ အစဉ် တွင် အစား အသောက် အစရှိ သည့် ကုန်ကျ စရိတ် များ ကို ပြန်မပေး ပါ။

ကုန်ကျ စရိတ် တချို့ တဝက် ပြန် ရ ဖို့ – ဈေး ဝယ် ဖြတ်ပိုင်း များ ကို သိမ်းထား ပါ။

(IPTAAS) ဝေးလံခေါင်ခိုက်သော နေရာမှ လူ နာ များ အတွက် ခရီး နှင့် တည်း ခို စရိတ် နှင့် ပတ် သက် သည့် အကြောင်း အရာ အစုံ အလင်ကို  ပြည် နယ် ကျမ်းမာ ရေး ကွန်ပျူတာ ကွန်ယက် ဝပ်စိုက် http://www.health.nsw.gov.au/living/transport/  တွင် ရှာ ဖွေ ဖတ်ရှု နိုင် သည်။

### (SWISH) ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အတွက် ခရီး စရိတ် အစီအစဉ်။

(SWISH) ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အတွက် ခရီး စရိတ် အစီအစဉ် သည် (IPTAAS) ဝေးလံခေါင်ခိုက်သော နေရာမှ လူ နာ များ အတွက် ခရီး နှင့် တည်း ခို စရိတ် အစီအစဉ် နှင့် တူ သည်။ (SWISH) ပြည်နယ်လုံးကျွတ် ရှိ ခလေးငယ်များ အားလုံး စစ်ရေး အတွက် ခရီး စရိတ် အစီအစဉ် သည် တက္ကသိုလ် အဆင့် ရှိ နား စစ် ဆေး ရေး စခန်း နှင့်  ကီလို မီတာ ၁၀၀ ထက် အဝေး မှာ နေ သူ များ အတွက် ပါ ဝင် သည်။ ၄င်း နား စစ် ဆေး ရေး စခန်း မှာ အောက် ပါ အတိုင်း ဖြစ် သည်။

- Westmead ခလေး ဆေး ရုံ
- John Hunter ဆေး ရုံ
- Sydney ခလေး ဆေး ရုံ

သင် ၏ ဒေ သ တွင် ရှိ သော SWISH ကျမ်းမာရေး ဝန်ထမ်း သို့မဟုတ် လူမှုဖူလုံ ရေး လုပ် သား က SWISH  ခရီး စရိတ် နှင့် ပတ်သက် ၍ ကူ ညီ ပေး ပါ လိမ့်မည်။

### ငွေ ကြေး အခက် အခဲ

ငွေကြေးအခက် အခဲ ရှိနေ လျှင် သင် ၏ SWISH ဝန်ထမ်း သို့ မဟုတ် လူမှုဖူလုံရေး လုပ်သား နှင့် တိုင်ပင် ပါ။ ၄င်း တို့ က သင့် အား နား ဆေး စစ် ကု သမှု မသွား မှီ ငွေကြေး အထောက် အကူ ပြု လုပ် ပေး နိုင် ပါ သည်။

### လူ နာစောင့်လျှောက် သည့် အကူ ငွေ

သင် သည် ခလေး ၏ နား မကြားမှု ကြောင့် ကုန် ကျ ရ သည့် စရိတ် များ ရှိ သည့် အတွက် သင့် အနေဖြင့် လူ နာ ကို ကြည့် ရှုစောင့် ရှောက် သည့် အကူ ငွေ ရ နိုင် သည်။  ဆေးရုံ မှ လူမှု ဖူလုံ ရေး လုပ် သား က သင့် အား ဖေါင် ပုံစံများ ပေး ၍ မည်ကဲ့သို့ လျှောက်ရ မည် ကို လမ်းပြ ပေး မည်။ သို့ မဟုတ် သင့် အနေဖြင့် Centrelink မှ နံပါတ် ကို ၁၃၂၇၁၇ ကို ဆက် သွယ် ၍ ၄င်း တို့ နှင့် တွေ့ ဆုံ နိုင်သည်။

# မိဘ များ နှင့် အခြား အဖွဲ့ အစည်း များ

**Aussie Deaf Kids**
**နား မကြား သည့် ဩသစီ ခလေးများ**

www.aussiedeafkids.com

Aussie Deaf Kids နား မကြား သည့် ဩသစီ ခလေးများ အဖွဲ့ သည် ဩသစတြေးလျား တွင် နေ ထိုင် သော နားမကြား သည့် ခလေး များ ၏ မိဘ များ အတွက် ကွန်ပျူတာ မှတဆင့် online အဆက် အသွယ် ပြု အထောက် အကူ ဖြစ် သည်။

**ACT ပြည်နယ် နားမကြား သူများ အထောက်အကူ ဗဟိုဌါန**
www.actdrc.org.au

ကင်ဘရာ မြို့ တွင် နေ ထိုင် သော နား မကြား သည့် ခလေး များ အဖွဲ
ဖုံး (၀၂) ၆၂၈၇ ၄၃၉၃
(အသံသွင်း စက် တွင် မှာ ကြား ထား ခဲ့ ရန်)

**ကင်ဘရာ နား မကြားသည့် ခလေး များ အသင်း**
www.canberradeafkids.org.au

**ဩသစတြေးလျ နား မကြားသည့် ခလေးများ**
www.deafchildrenaustralia.org.au

ဩသစတြေးလျ နား မကြားသည့် ခလေးများ အဖွဲ့ သည်၊ နား မကြား တော့ သည့် ခလေးများ အတွက်၊ ပညာ ပေး ခြင်းများ၊ ရှေ့ နေရှေ့ ဆောင် လုပ် ခြင်းများ၊ အထောက် အကူ ဝန် ဆောင် လုပ် ငန်း များ၊ နား မကြား သည့် ခလေးများ နှင့် ၄င်း တို့ မိဘများ အတွက် အသိ ပညာပေး များ ကို ဆောင် ရွက် ပေး သည်။

**နားမကြား သည့် ခလေး များ အချိန်မရွေး ဆက် သွယ် ရန်**
ဖုံး ၁၈၀၀ ၆၄၅ ၉၁၆

ဩသစတြေးလျ တနိုင်ငံ လုံး – အရှေ့ ပြည် နယ်များ စံ တော် ချိန် နံ နက် ၁၀ နာရီ မှ ညနေ ၄ နာရီ အထိ – တနင်္လာ မှ သောကြာ နေ့ အထိ ဆက် သွယ် နိုင် သည်။
Fax: (၀၃) ၉၅၂၅ ၂၅၉၅

TTY: (၀၃) ၉၅၁၀ ၇၁၄၃

**(NSW) နားမကြား မိခင်များ အသင်း**
Tel: (၀၂) ၉၆၂၆ ၅၁၃၇

Fax: (၀၂) ၉၂၆၂ ၃၄၁၈

နား မကြား သည့် ခလေးများ ၏ မိ ခင်များ လစဉ် စတုတ္တ အင်္ဂါ နေ့ တိုင်း Marayong ရပ်ကွက် Sydney၏ မြို့ တွင် တွေ့ ဆုံ သည်။

**ဩသစတြေးလျနိုင်ငံ ရှိ နားကကြား သူ တို့ ၏ ဟစ် တိုင်**
Tel: (၀၂) ၆၂၆၂ ၇၈၀၈

TTY: (၀၂) ၆၂၆၂ ၇၈၀၉

Fax: (၀၂) ၆၂၆၂ ၇၈၁၀

ဩသစတြေးလျနိုင်ငံ ရှိ နားမကြား သူ တို့ ၏ ဟစ် တိုင် သည် နား မကြား သူ တို့ ၏ အရေး ကိစ္စများ၊ မြင်ကွင်း များ ကို ကိုယ် စား ပြု သည့် အဖွဲ့ အစည်း ဖြစ် သည်။ ယင်း ဟစ် တိုင် သည် နား မကြား သူ များ၊ နား ထိုင်း၊ နား ပင်းသူများ အတွက် နေရေး ထိုင် ရေး ဘ၀သာယာ မှု အဆင့် အတန်း မြှင့် တင် ရန် အတွက် ဖြစ် သည်။

**NSW ပြည်နယ် နား မကြား သူ များ အသင်း**
Tel: ၁၈၀၀ ၈၉၃ ၈၅၅

Fax: ၁၈၀၀ ၈၉၈ ၃၃၃

TTY: ၁၈၀၀ ၈၉၃ ၈၈၅

www.deafsocietynsw.org.au

NSW ပြည်နယ် နား မကြား သူ များ အသင်း သည် နားမကြားသူ များ ရ ပိုင် ခွင့် ရှိ သည်များကို ရ ရန် နှင့် ၄င်း တို့ က လည်း ဩသစတြေးလျ နိုင် ငံ သား များ အနေဖြင့် ထမ်းဆောင် ရ မည့် တာ ဝန် များ ကို ထမ်းဆောင် ရန် ကူ ညီပေး သည်။

**NSW ပြည်နယ် နား မကြား သူ များ အသင်း သည် Parramatta, Newcastle, Coffs Coast နှင့် Lismore များတို့တွင် ရှိ သည်။**
www.pcde.org/information/dubbo_psg.html

Tel: (၀၂) ၆၈၈၄ ၆၇၁၄

**North Shore နားမကြား သည့် ခလေး များအသင်း**
Tel: (၀၂) ၉၄၃၈ ၃၉၁၉
(၀၂) ၉၉၅၃ ၄၈၆၄

North Shore နားမကြား သည့် ခလေး များအသင်း (NSDCA)သည် အထောက် အကူ ပြု သည့် အသင်း အဖွဲ့ဖြစ် သည်။ မြို့ နှင့် နီးသည် အခြား နယ် များ ရှိ နားမကြား သည့် ခလေး များ ၏ မိဘ များ၊ မိတ်ဆွေများ၊ ပညာရှင်များ တို့ အတွက် ပညာပေး အထောက် အကူ ပြု သည့် အဖွဲ့ အစည်းဖြစ် သည်။ (NSDCA)သည် နားမကြား သည့် ခလေးများ လူငယ်များ အတွက် ပညာ ရေး နှင့် နား ကြား မှု ဆိုင် ရာ ဝန်ဆောင် မှု များ တိုး တက် အောင် ဆော် ဩော ပေး သည် အဖွဲ့ ဖြစ် သည်။

**နားမကြားသည့်ခလေးများ ၏ ပညာရေး ဆိုင် ရာ မိဘကောင်စီ**
Tel: (၀၂) ၉၈၇၁ ၃၀၄၉

TTY: (၀၂) ၉၈၇၁ ၃၀၂၆

Fax: (၀၂) ၉၈၇၁ ၃၁၉၃

(PCDE)နားမကြားသည့်ခလေးများ ၏ ပညာရေး ဆိုင် ရာ မိဘကောင်စီ သည် ပြည် နည် တခု လုံး နှင့် ဆိုင် သည့် အဖွဲ့ဖြစ် ပြီး နားမကြား သည့် ခလေးများ ၏ မိ ဘများ အား နားမကြား သည် များ နှင့် ပတ် သက် သည့် အကြောင်း အရာ မှန် သမျှ ကို အကြောင်းကြား ပေး သည်။

(PCDE) နားမကြားသည့်ခလေးများ ၏ ပညာရေး ဆိုင် ရာ မိဘကောင်စီ သည်၊ နား မကြား သည့် ခလေး နှင့် ၄င်း ၏ မိဘများ မိသား စု တခုခြင်းအတွက် ရှေ့ နေ ရှေ့ ဆောင် လုပ် ငန်း များ ကို လုပ် ပေး သည်။

**(POD) Lismore ရှိ နားမကြားမိဘ များ အသင်း**
Tel: (၀၂) ၆၆၂၂ ၅၅၇၂

# အင်တာ နက် ကွန်ယက် မှ ရ နိုင် သည် ကိုးကား နိုင် သည့် အကြောင်း အရာများ



## ဩစတြေးလျ နိုင်ငံ တွင်း မှ ကိုး ကား နိုင် သည့် အကြောင်းအချက်များ

### Australian Hearing

ဩစတြေးလျ နိုင်ငံ တွင်း နားကြားအထောက် အကူ ပြု ကရိယာ များ အကြောင်း နှင့် သုတေသနပြု ရှာ ဖွေ ထား သော အကြောင်း အရာ များ ကို ရရှိ နိုင် သည်။

www.hearing.com.au

### ဩစတြေးလျ နားမကြား သူ များ အသင်း

နား အလွန် ပင်း သူ များ အတွက် အထင်အမြင်များ – အကြောင်း အချက် များ ပေး သည်။

www.aad.org.au

### Aussie Deaf Kids

ဩစတြေးလျတွင် နေ ထိုင် သော နားမကြား သည့် ခလေး မိ ဘ များ အတွက်၊ ကွန်ပျူတာ မှ တဆင့် ရ နိုင်သည့် အထောက် အကူ ပြု ကိုးကား နိုင် သည့် အကြောင်း အရာ များ။

www.aussiedeafkids.com

### Audiological Society of Australia

နား မကြားမှု ဆိုင် ရာ အား လုံး နှင့် ပတ် သက် သည့် အကြောင်း အ ရာ မှန် သမျှ ကို ရ နိုင် သည်။

www.audiology.asn.au

### First Sounds Cochlear Implant Program

နား အတွင်း တွင် ထဲ့ ရ သော နားကြပ် အကြောင်း စုံ ကို ရ နိုင် သည် ဌါ န ဖြစ် သည်။

www.shepherdcentre.com.au

### Sydney Cochlear Implant Centre (SCIC)

နား အတွင်း တွင် ထဲ့ ရ သော နားကြပ် အကြောင်း စုံ ကို ရ နိုင် သည် ဌါ န ဖြစ် သည်။

www.scic.nsw.gov.au

## နိုင် ငံ တကာ မှ ရ ရှိ နိုင် သည့်၊ ကိုးကား နိုင် သည့် အကြောင်း အရာ များ

### Beginnings

နားမကြား သည့် ခလေးများ ၏ မိဘ များ အတွက်။

http://beginningssvcs.com

### Boystown National Research Hospital

နားမကြား သည့် ခလေးများ နှင့် ပတ် သက် ၍ စုံ စမ်း နိုင် သည့် အကြောင်း အရာများ။

www.boystownhospital.org/Hearing/index.asp

### Deafness @ birth မွေး ကတည်းက နား မကြား ခြင်း

www.deafnessatbirth.org.uk/index.html

### Department of Ortohinolaryngology

New Orleans, Louisiana ပြည်နယ်၊ ဆေး တက္ကသိုလ်၊ ကျမ်းမာရေး သိပ္ပံဗဟို ဌါန,

နားကြားမှု နှင့် ပတ်သက် သည့် နားအာရုံ ကြော၊ အသံ ကြားမှု နှင့် အဆက် အစပ် ရှိ မှု ပညာ ရပ် များ နှင့် ပတ်သက် သည့် အကြောင်း အရာများ။

www.medschool.lsuhsc.edu/otorhinolaryngology/deafness_article6.asp

### Hands And Voices (USA)

မိဘများ ဦးဆောင် သည့် အဖွဲ့ အစည်းဖြစ် သည်။ နားမကြား၊နားပင်း သည့် ခလေးများ၊ မိဘများ နှင့် ၄င်း တို့ ၏ ပညာ ရှင်များ ကို အထောက် အကူ ပြု သည်။

www.handsandvoices.org

### John Tracey Clinic

တကမ္ဘာလုံး ရှိ နား မကြား တဲ့ ခလေး မိဘများကို ဗဟိုပြု သည့် ဝန်ဆောင် မှု ဖြစ် သည်။

www.johntracyclinic.org

### Listen Up (USA)

နားမကြား သည့် ခလေး များ နှင့် ၄င်း တို့ ၏ မိဘများ ကို ကွန် ပျူ တာ On-line မှ တဆင့် ကူ ညီ ပေး သည်။

www.listen-up.org

### My baby's hearing ခလေး ၏ နား ကြား မှု

www.babyhearing.org

### National Deaf Children's Society (UK)

နားမကြား သည့် ခလေးများ၊ လူငယ်များ နှင့် ၄င်း တို့၏ မိသား စု များ ကို အထောက် အကူ ပေး သည်၊ အကြောင်း အရာ များ နှင့် အကြံ ဉါဏ်များ ပေး သည်။

www.ndcs.org.uk

# တည် ဆောက် ခြင်း

သို့ မိဘ များ

သင် ရဲ့ ခလေး ဟာ မကြာသေးခင် ကဘဲ နား မကြား ဘူး ဆိုတဲ့ ရော ဂါ ရှိ တယ် လို့ သိ ရ ပြီး တဲ့ နောက်၊ သင့် ရဲ့ ခံစား ချက် ကို နားလည် ပါ တယ်။ကျွန်တော် တို့လဲ ကျွန်တော် တို့ ရဲ့ ခလေး နား မကြား တဲ့ ရော ဂါ ရှိ တယ် လို့ ကြားကြား ပြီးခြင်း အထိးကျန် ဝမ်း နဲ စိတ် တွေ ဖြစ် ခဲ့ ပါ တယ်။ ရော ဂါ ရှိ မှန်း သိ တာ နဲ့ ထိပ် လန့် သွားပါ တယ်။

နောင် လာ မည့် အပါတ်တွေ၊ လ တွေ နှစ် တွေ မှာ သင် ဟာ ခလေး မွေး ခါ စ က ပြု လုပ် နိုင် မည် လို့ ရည် မှန်း စိတ် ကူး ထား တာ တွေ အကုန် လုပ် နိုင် မယ် လို့ တွေ့ ရှိ လာ ပါ လိမ့် မယ်။ ခလေး က သင့် အား ပြုံး ပြ မယ်၊ စကား ပြောမယ်၊ ကျောင်း သွားမယ်၊ အား ကစား လုပ် မယ်၊ အလုပ် ရှာ တွေ့ မယ်။ သင် ရဲ့ ဘဝ ဟာ လွယ် မှာ မဟုတ်ပေ မဲ့၊ သင့် ရဲ့မေတ္တာ ကြောင့်၊ သင့် ရဲ့ ဂရု တစိုက် စောင့် ရှောက် မှု တွေ ကြောင့်၊ သာ ယာ ပြည့် စုံ ပြီး လွတ် လပ် တဲ့ ဘဝ ကို လှမ်း လျှောက် နိုင် မှာဖြစ် ပါ တယ်။

ဒီ စာ အုပ် ဟာ သင့် အတွက် နားမကြား တဲ့ ခလေး တွေ ရဲ့ မိဘများ က ပြု စု ထား တာ ဖြစ် ပါ တယ်။ သင့် အနေ နဲ့ တဦး တည်း မဟုတ်ဘူး ဆို တာ သိ စေ ချင် ပါ တယ်။ ကျွန်တော် တို့ လဲ အခြား မိဘ များ က နေ တဆင့် အများ ကြီး သိလာတတ် လာကြ တာ ပါ။ သူ တို့ရဲ့ အတွေ့ အကြုံ တွေ ပညာ တွေ က နေ ဒီစာ အုပ် ကို ဖန်တီးပေး နိုင် တာဖြစ် ပါ တယ်။ ဒီ စာ အုပ် ကို တည် ဆောက် ခြင်း လို့ ခေါ်ထား တာ ဟာ – သင့် အနေ နှင့် ခလေးအတွက် ပျော် ရွှင် အောင်မြင် တဲ့ ရှေ့ ရေး ကို တည် ဆောက် ရ မှာ ဖြစ် ပါ တယ်။

သင့် ၏ ခလေး အတွက် ဆုမွန်ကောင်း ပို့သအပ် ပါ တယ်။

# ပထမဦး ဆုံး

**အဓိက ပန်းတိုင် က** ခလေး ရဲ့ နား မကြားမှု ကို သိ ရှိ နား လည်ခြင်း ဖြစ် ပြီး – ဒီ အဆင့် ဟာ အဆက် အသွယ် ပြု နိုင် တဲ့ အဆင့် ဘဲ ဖြစ် ပါ တယ်။

**သင် ဟာ သင့် ခလေး အရေး ကိစ္စ အတွက် အရေး ထား ဆုံး ဖြစ် တယ်။** မိဘ များ ဟာ မိမိတို့ ခလေးများ အတွက် သဘာဝကျတဲ့ ရှေ့ နေများဖြစ် တဲ့ အတွက် ခလေး ရဲ့ ဘဝ ရှေ့ ရေး ကို တက်ကြွစွာ ပါဝင် သင့် သည်။

**တလှမ်း စီ သွား ပါ** – ဝေးလံ သည့် ခရီးများ ကို စ သွား ရန် တလှမ်း စီ လှမ်း ရ ပါ သည်။

**အကြောင်း စုံ–စုံ စမ်း ပါ။** အဘက်ဘက် မှ ရ နိုင် သမျှ အကြောင်း အ ရာ တွေ ကို စုံ စမ်း ပါ။ တဖက် စောင်း နင်း မဖြစ် သော အကြောင်း စုံ နှင့် အထောက် အကူ ကို ရ သော မိ ဘ များ သည် မိမိ တို့ ၏ ခလေး များ နှင့် မိ သား စု အတွက် အကောင်း ဆုံး သော ဆုံး ဖြတ်ချက် များ ချ နိုင် မည် ဖြစ် သည်။

**အချိန် ယူ ပါ။** ဆုံးဖြတ် ချက် ချ ဖို့ အချိန် ယူ ပါ – အလော မကြီး ပါ နှင့်။ သို့ သော် လည်း လပေါင်း များ စွာ အချိန် မယူ ပါ နှင့်။

**မေး ခွန်း မေး ပါ။** မေး ပြီး ရ တဲ့ အဖြေ တွေ ကို နား လည် အောင် အရေး ကြီး သည်။

**ရေး ချ ခိုင်း ပါ။** ဆ႟ာ ဝန်တွေ၊ သောတအာရုံ ကြော အထူး က တွေ ကို ဆွေး နွေး ထား တဲ့ အကြောင်း အရာ တွေ ကို ရေး ချ ခိုင်း ပါ

**ရဲရဲ တင်း တင်း ပြော ပါ။** စိတ်ပူ တာ စိတ်မချတာ ရှိ ရင် ရဲရဲ ပြော ပါ။

**ကူ ညီခွင့် ပြု ပါ။** အကူ အညီ လို အပ် ရင် မိသား စု ကို တောင်း ပါ – သူ တို့ ကို ကူ ညီ ခွင့်ပြု ပါ။

**တနေရာ ထဲ တွင် ထ ား ပါ။** ခလေးနှင့် ပတ်သက် သည့် စာရွက် စာတန်း အကြောင်း အရာ အစစ အ ရာရာ ကို တနေ ရာ ထဲ တွင် သိမ်း ပါ။

**ကိုယ့် ကိုယ် ကို ညှာ ပါ** – ကိုယ့် အတွက် လဲ အချိန် ယူ ပါ

# အခြေခံ ကောင်း

မိမိခလေး မှာ နား မကြားတဲ့ ရောဂါ ရှိ တယ် လို့သိ ရ တာ နဲ့ တပြိုင် ထဲ လန့် ဖြန့်သွားမှာဘဲ။ ဒါပေမဲ့ ကောင်း တာ က၊ ခလေး ဟာ မိ ဘ ရဲ့ အထိအကိုင်ခံ ဖို့ လို တယ်၊ စကား ပြော ပေးဖို့ လို တယ်၊ ချစ်ခင် ယုယမှု လို တယ်။  သင့် အနေ နှင့် လေ့ လာ စရာ အများ ကြီး ရှိ တယ်၊ ဆုံးဖြတ်ချက် လဲ အများကြီး ချ ရ မယ်။ ခလေး နဲ့ ပျော် ပျော် နေပြီး၊ ခလေး နဲ့ လုပ် ဆောင် မှု ရှိ တာ တွေ ကို မှန် မှန် လုပ် ကိုင် ဆောင် ရွက် သွား ပါ။

နား မကြား တဲ့ ခလေး တယောက် ရှိ တာ နဲ့ ပတ် သက်ပြီး ဆရာ ဝန် နဲ့ သောတအာရုံ ကြော အထူးကု က နေ သိ သင့် သလောက် သိ နေ ပြီ ဖြစ် တယ်။ သိ ဖို့လို အပ် တဲ့ အကြောင်း အရာ တွေ ဟာ များ လွန်း တော့ စိတ် ထွေ လာ နိုင် ပါ တယ်။ ဒါ ပေ မဲ့ ခလေး နား မကြားတာ နဲ့ ပတ် သက် ပြီး သိ လေ လေ၊ ခလေး နဲ့ ပတ် သက် ပြီး ဘယ် လို လုပ် ကို င် ဆောင် ရွက် ရ မလဲ ဆို တာ ပို ပြီး သိ လာ နိုင် ပါ တယ်။ ပို သိတော့ ပို နိုင် လာ ပြီး ဘာ တွေ လုပ် ကိုင် ဆောင် ရွက် ရ မလဲ ဆို တာ သိရှိ လွယ် ကူ လာ မှာ ဖြစ် ပါ တယ်။

ပညာ သည် တခိုး အာ ဏာ။  ပညာ တွေ ရရှိ နိုင် သမျှ ရ အောင် နေ ရာ တကာ က နေ ရှာ ပါ။ စာ အုပ် တွေ၊ လက်ကမ်း စာ စောင် တွေ၊ သတင်း ဆောင်း ပါး တွေ၊ ဝဘ် ဆိုက် တွေကို ဖတ် ပါ။  ကောင်း တဲ့ အကြောင်း အရာ တွေ တွေ့ သ လို သဘော မကျ လှ တဲ့ အကြောင်း အရာ တွေကို လဲ တွေ့ နိုင် ပါ တယ်။ ခလေး တိုင်း ဟာ မတူ ပါ ဘူး၊ မိသား စု တွေ လဲ အခြား မိသား စု များ နဲ့ ကွာခြား ပါ တယ်။ မိသား စု တခု နဲ့ ကိုက် ညီ တဲ့ အရာ တွေ ဟာ နောက် တဦး နဲ့ ကိုက် ညီ ချင် မှ ကိုက် ညီ နိုင် မှာ ပါ။

# မိမိကိုယ် ကို စောင့် ရှောက် ပါ။

ခလေး နား မကြား တဲ့ ရောဂါ ရှိ ပြီ လို့ သိ လိုက် တဲ့ မိဘ တွေ ဟာ တုန့် ပြန် မှု အမျိုး မျိုး ရှိ ပါ တယ်။ မဖြစ် နိုင် ဘူး လို့ ငြင်း ပယ် တာ ရှိ မယ်၊ ဒေါသဖြစ် မယ်၊ ဝမ်း နဲ မယ်၊ ကြောက် မယ် – ဒါ တွေ အား လုံး ဟာ အများ က တုန့် ပြန် ကြစမြဲ ဖြစ် ပါ တယ်။ များ သော အား ဖြင့် ငို ကြတယ်။ ဘယ် လို တုန့်ပြန် ကြ သလဲ ဆို တာ မိ မိ တို့ မိ သား စု ဟာ တခြား ဘယ် မိ သား စု နဲ့ မှ မတူ ပါ ဘူး ။ ပြင်းထန် တဲ့ တုန့် ပြန် မှု ဟာ အချိန် ကြာ လာ တဲ့ အခါ မှာ မှေးမှိန် သွားပါတယ်။ လူတွေဟာ အခြေနေ ကို လက်ခံ သွားပြီး ဘဝ လမ်း မှာ လုပ်စရာ ရှိ တာ တွေ လုပ် သွား ကြပါ တယ်။ ကိုယ့် ဘဝမှာ နားမကြား တဲ့ ကလေး ဝင် လာ တာ ကို လက် ခံ နိုင်တဲ့ ဖန်တီးမှု ဖြစ် လာ ပါ တယ်။ တခါ တရံ ဝမ်း နဲ၊ ပူ ဆွေး မှု တွေဖြစ်လာ မှာ ကတော့ မိ ဘ တိုင်းပါ ဘဲ။

နားမကြားတဲ့ ခလေး ရှိ လာ ရင် မိသား စု တခု လုံး ကို ထိ ခိုက် ပြောင်း လဲ စေ ပါ တယ်။ မိဘ တွေ ဟာ သူ တို့ ရဲ့ တာ ဝန် ကို တမျိုး မြင် လာ မှာ ဖြစ် တယ်။ သူ တို့ ရဲ့ ခံ စား ချက် တွေ၊ တုန့် ပြန်မှု တွေ တမျိုး ဖြစ် မယ်။ လင်မယား နှစ် ယောက် ဆွေး နွေး ပြီး တဦး နဲ့ တဦး ခံ စား မှု တွေ၊ လို အပ် ချက် တွေ ကို သတိ မူ ပါ။ မိ မိ ကိုယ် တိုင် လဲ မိ မိ ယုံ ကြည် စိတ် ချ တဲ့ မိသား စု တွေ မိတ် ဆွေများ နဲ့ ဆွေး နွေး တိုင် ပင် ပါ။ မိ သား စု တွေ မိတ် ဆွေ တွေ နဲ့ ပွင့် ပွင့် လင်း လင်း ပြော ခြင်း အား ဖြင့်၊ ဆွေမျိုး များ မိတ်ဆွေ များ က လဲ ပွင့် ပွင့် လင်းလင်း ပြော လာ နိုင် မှန်း သိ လာ ရင် မိ မိ တို့ အဖို့ အခြေ အနေ ကို ပို ပြီး ရင် ဆိုင် လာ နိုင် မှာဖြစ် ပါ တယ်။ အကယ် ၍ တခြား ခလေး ရှိ နေ ရင် သူတို့ ရဲ့ ခံ စား ချက် တွေ၊ လို အပ် ချက်တွေကို လဲ သတိ ထား ဖို့ လို အပ်ပါ တယ်။

ခလေးရဲ့လောကမှာ သင် ဟာ အဓိကဖြစ် ပါတယ်။ ဒါကြောင့် မိမိ ကိုယ် ကို မိမိ စောင့် ရှောက်ဖို့အရေး ကြီး ပါ တယ်။ အိပ်ရေး ဝ အောင် အိပ် ပါ။ ကျမ်းမာရေး နဲ့ ညီညွတ် တဲ့ အစာအဟာ ရ တွေ ကို စား ပါ။ လေ့ကျင့်ခန်း မှန်မှန် လုပ် ပါ။ နေ့စဉ်မှန်မှန် လမ်း လျှောက် ပေး ခြင်း ဟာ မိမိ အတွက် ရော ခလေး အတွက် ပါ ကောင်း ပါ သည်။

ခလေး ရဲ့နား မကြား တဲ့ ရော ဂါ ကို သိ ရ ပြီး နောက် ပိုင်း ရက် တွေ မှာ စိတ်ဗျာဘာဒများပြီး အာရုံ စိုက် နိုင် ဖို့ အခက် အခဲ ရှိ တတ် ပါ တယ်။ မိသား စု တွေ မိတ်ဆွေ တွေ ရဲ့ အကူ အညီ ကို လက် ခံ ပါ။ မိသား စု များ၊ မိတ် ဆွေ များ အတွက် – လက် ကမ်း စာ စောင် ထဲ မှာ လုပ်ဆောင် သင့် တဲ့ အကြောင်း အချက်များ ကို အကြံ ပြု ထား ပါ တယ်။ အစား အသောက် ကူ ညီ ချက် ပေး ခြင်း၊ ခလေး ကူ ထိန်း ပေး ခြင်း၊ တခြား ခလေး တွေကို ကျောင်း ပို့ပေး ခြင်း၊ အစ ရှိ တဲ့ သင့် ကို ကူ ညီပေး နိုင် တဲ့ အရာ တွေ အား လုံး ဟာ သူ တို့ အနေ နဲ့ သင့် အဖို့ ဂရုစိုက် ခွင့် ပေး တာ ဘဲ ဖြစ် ပါ တယ်။


# ဘာ တွေ လို အပ် သလဲ

**သံပွင်း ပါ တဲ့ ဗိုင် တွဲ ၂ ခု** – တခု က ခလေး နဲ့ပတ် သက် တဲ့ စစ် ဆေး ရာ က ရ ရှိ တဲ့ ရ လဒ်တွေ အတွက် ဖြစ် ပြီး ၊ နောက် တ ခု က နား မကြား မှု ဆိုင် ရာ အကြောင်း အချက် နဲ့ ဘယ် နေ ရာ တွေမှာ ဘာတွေ ရရှိ နိုင် သလဲ စ တဲ့ အကြောင်း အရာ တွေ ကို ထဲ့ ဖို့ဖြစ် ပါ တယ်။

**လိပ် စာ ကပ်ပြား ထဲ့ တဲ့ အရာ** – တွေ့ ရှိ တဲ့ လူ တိုင်း ရဲ့ လိပ်စာ ကပ် ပြား ကို တောင်း ပြီး သိမ်း ထား ပါ –– လို အပ် လာ တဲ့ အခါ သူ တို့ ကို အလွယ် တကူ ဆက် သွယ် နိုင် ဖို့ ဖြစ် ပါ တယ်။

**ပြက္ခဒိန်** – နောက် လ ပိုင်း တွေ မှာ၊ ရက် ချိန်း တွေ အများ ကြီး ရှိ လာ မယ်။ ပြက္ခဒိန် ထဲ မှာ မိတ် ဆွေ များ နဲ့ ထွက် စား ထွက် လယ် ဖို့ လဲ အ ချိန် ပေး ပါ။ (သူ တို့ ကို ချက် ပြုတ် ကျွေး ခိုင်း ပါ။)

**မှတ် တန်း စာ အုပ်** – အား လုံး ရေး မှတ် ပါ။ လူတွေ ဟာ မေ့ တတ် ပါ တယ်– အထူး သဖြင့် စိတ် သောက ရောက် ချိန် မှာ၊ ကြား ထား ပြော ထား တာ တွေ ကို မေ့ တတ် တော့ – ရေး မှတ် ထား တာ ကောင်း ပါ တယ်။ ဖုံး ပြော ထား တာ တွေ၊ ရက် ချိန်း တွေ့ ထား တာ တွေ ကို ရေး မှတ် ထား ပါ။ တို တို လေး ရေး ထား ပါ။ အသုံး ဝင် လာ လိမ့် မယ်။ တချို့ မိဘ များ က လဲ မိမိ တို့ ခံ စား ချက် တွေ ကို ရေး မှတ် ရ တာ စိတ် သက်သာ ရာ ရ ပါ တယ်။



# သင့် ရဲ့ အထောက် အကူ အဖွဲ့

သင် နဲ့ ခလေး တို့ ဟာ နောင် လာ မည့် လ ပိုင်း တွေ မှာ လူ မျိုး စုံ နဲ့ ဆုံ တွေ့ ရမှာ ဖြစ် ပါ တယ်။ သူ တို့ အား လုံး ဟာ ဘက်ပေါင်းစုံ မှ ပညာ ရှင် များ ဖြစ်ပါတယ်။ သင့် ကို အထောက် အကူ ပေး ဖို့ နဲ့ လမ်း ညွှန် ပေး ဖို့ ဖြစ် ပါ တယ်။

- ခလေး အတွက် သင် နဲ့ သင့် ရဲ့မိ သား စု ဟာ အရေး ကြီး ဆုံး ဖြစ် လို့ မိ မိ ကို ပန့် ပိုး ပေး တဲ့ အဖွဲ့ နဲ့ ခင်မင် ရင်း နှီး အောင် ပေါင်းထား ဖို့ လို ပါ တယ်။ ဒါမှ သာ လျှင် ခလေး နဲ့ ပတ် သက် သမျှ ပူ ပန် မှု တွေ လို အပ် ချက် တွေ ကို သူ တို့ နဲ့ ပွင့် ပွင့် လင်း လင်း ပြော ဆို ဆက် သွယ် နိုင် မှာ ဖြစ် ပါ တယ်။
- မေး ချင် တဲ့ မေး ခွန်း တွေကို စာ ရင်း လုပ် ထား ပြီး ရက်ချိန်း သွား တဲ့ အခါ ယူ သွား ပါ။ ကျွန်တော် တို့ ဟာ ဆရာ ဝန် တွေ၊ အထူး ကု တွေ နဲ့ တွေ့ တဲ့ အချိန် မှာ အရေး ကြီး တဲ့ မေး ခွန်း တွေ မေး ဖို့ မေ့ တတ် ကြ ပါ တယ်။
- ဘယ် မေး ခွန်း က မှ ရူး အ တဲ့ မေး ခွန်း မျိုး ဆို တာ မရှိ ပါ ဘူး။ သင့် ရှေ့ မှာ လဲ တခြား လူ တွေ မေး သွား ဘူး ပါ တယ်။
- မေး တဲ့ မေး ခွန်း ရဲ့ အဖြေ တွေ ကို နား လည် အောင် ကြိုး စား ပါ – နား မလည် ဘဲ တော့ ပြန် မသွား ပါ နဲ့။
- အင်္ဂလိပ် စကား မကျွမ်း ကျင် ဘူး ဆို ရင် စကား ပြန် တောင်း ပါ။
- စစ် ဆေး ထား တဲ့ ရ လဒ် တွေ စာ ရွက် တွေ အား လုံး မိတ္တူ ယူ ထား ပါ။ အသုံး ဝင် ပါ တယ်။ စော စော က ပြော တဲ့ ဖိုင် တွဲ ထဲ မှာ သိမ်း ထား ပါ။
- ဆရာ ဝန် တွေ အတတ် ပညာ ရှင် တွေ ရဲ့ ထင် မြင် အကြံပေး ချက် တွေ ကို မေး ခွန်း မေး လို့ ရ ပါ တယ်။ လို အပ် ရင် နောက် ထပ် ဆရာဝန် တွေ ပညာ ရှင် တွေ ကို လဲ ထပ် ပြ နိုင် ပါ တယ်။ ခလေး နား မကြား မှု ကို သင့် အနေ နဲ့ ကြည့် ရှု စောင့် ရှောက် ရ မှာ ဖြစ် လို့ သင့် အနေ နဲ့ စိတ်ချ ယုံ ကြည် မှု ရှိ ဖို့ လို အပ် ပါ တယ်။

# အကြောင်း အချက် အလက်

# အကြောင်း အချက် အလက် များ

နား မကြား တာ နဲ့ ပတ် သက် ပြီး ကောင်း တဲ့ အကြောင်း အချက် အလက် တွေ ရှိ မှ – ဘာ တွေ ဘယ် လို ဆောင် ရွက် ရ မလဲ ဆို တာ ကို သိ မှာ ဖြစ် ပါ တယ်။ ရ နိုင် သမျှ အကြောင်း အ ရာ ကို ရ နိုင် တဲ့ နေ ရာ က နေ စု စောင်း ဖတ် ရှု ပြီး – ပညာ ရှင် များ အဖွဲ့ နဲ့ လဲ ဆွေး နွေး ပါ။ မိသား စု များ မိတ် ဆွေ များ၊ တခြား နား မကြား တဲ့ ခလေး မိဘ များ နဲ့ လဲဆွေး နွေး ပါ။ ဒါ မှ သာ လျှင် ခလေး အတွက် နည်း လမ်း ရွေး ချယ် တဲ့ အခါ မှာ – သိ ရှိ နား လည် ပြီး ရွေး ချယ် နိုင် မှာ ဖြစ် ပါ တယ်။

တချို့ မိဘ များ က အကြောင်း အချက် အလက် တွေများ လွန်း တာ ကို ဦး ဏှောက် က လက် မခံ တော့ သလို၊ တချို့ မိဘ များ က လဲ ရ တဲ့ အကြောင်း အချက် တွေ မလုံ လောက် နိုင် ဖြစ် တတ် ပါ တယ်။ မိ မိ နဲ့ သင့် တော် တဲ့ အကြောင်း အချက် အလက် တွေ ကို လက် ခံ နိုင် သလောက် ဘဲ ရ ယူ ပါ။ ဒါ ပေ မဲ့ ရ ရှိ သမျှ အကြောင်း အချက် တွေ ဟာ နှစ် နဲ့ ချီ ပြီး သင့် အတွက် အသုံး ဝင် မယ် ဆို တာ ကို သ တိ ပြု ပါ။ စက် ကရိယာ၊ အစိုး ရ ရဲ့ မူ ဝါ ဒ ဆို တာ တွေ ဟာ အချိန် နဲ့ အပြောင်း အလဲ တွေ ဖြစ် လာ ပါ တယ် – ဒါ ကြောင့် ခေတ် နဲ့ ဆီ လျှော် တဲ့ အကြောင်း အချက် တွေ ကို သိ ထား ဖို့ လို အပ် ပါ တယ်။

မှန် ကန် ယုံ ကြည် စိတ်ချ ရ တဲ့ စာ စောင် တွေ၊ စာ စောင်း တွေ၊ ကွန် ပျူ တာ online အကြောင်း အချက် တွေ အများ ကြီး ရှိ ပါ တယ်။ *Australian Hearing* က ‘Choicesဒ ဆို တဲ့ စာ အုပ် က အရင် ဆုံး စပြီး ဖတ် သင့် တဲ့ စာ အုပ် ဖြစ် ပါ တယ်။ ဒါ မှ မဟုတ် ခလေး အထူးကု ဆရာဝန် သို့မဟုတ် ဆေးရုံ က ပညာရှင် များ ကို အကြံ ဉါဏ် တောင်း နိုင် ပါ တယ်။ ဒီ လမ်း ညွှန် စာ အုပ် နောက် ဆုံး စာမျက်နှာ ထဲ မှာ လဲ တချို့ အချက် အလက် ရှာ ဖွေ နိုင် တဲ့ အကြောင်း အချက် တွေ ကို ပေး ထား ပါ တယ်။

မိဘ အများ ဆုံး က တခြား နား မကြား တဲ့ ခလေး မိဘ များ နဲ့ ဆွေး နွေး တဲ့ အခါ မှာ အချက် အလက် အများ ဆုံး ရ နိုင် တယ် လို့ မြင် ကြပါတယ်။

# ဆုံး ဖြတ် ချက် များ

ခလေး က နား မကြား တဲ့ ရော ဂါ ရှိ လာ ပြီ ဆို တာ နဲ့ ဆုံး ဖြတ် ချက် တွေ အများ ကြီး ချ ရ တော့ မည့် ပုံ ဖြစ် လာ ပါ တယ်။ စိတ် သော က ရောက် နေ ချိန် မှာ ဆုံး ဖြတ် ချက် တွေ ကို လုပ် ရ မလို ဖြစ် ချိန် မှာ – သိသင့် တာတွေ ကို လည်း ဘာ မှ သိပ်ပြီး မသိ ဖြစ် နေ တယ် –

- ဘာ မှ အလော တကြီး မလုပ် ပါ နဲ့။ ၂ပါတ် ၃ပါတ် လောက် အချိန် ယူ ပြီး စဉ်း စား ရင် ခလေး ရဲ့ ဘ၀ ရှေ့ ရေး ကို ဘယ် လိုမှ ပို ပြီး မထိ ခိုက်ပါ ဘူး။ ဒါ ပေ မဲ့ လ နဲ့ ချီး ပြီး အချိန် မယူ သင့် ပါ ဘူး။ ခလေး ကို ကြို တင် ဆောင် ရွက် ရ မည့် အစီ အစဉ် တွေ ကို စော စီး စွာ စတင် ဆောင် ရွက် ပြီး အ စီ အစဉ် တွေ ဟာ ခလေး ဖလ မပြည့် မှီ စတင် ဖို့ သင့် ပါ တယ်။
- ခလေး နဲ့ မိမိ ရဲ့ မိသား စု အတွက် အကောင်း ဆုံး နည်း လမ်း ကို သင့် အနေ နဲ့ ရွေး ချယ် ပိုင် ခွင့် ရှိ ပါ တယ်။ ရွေးချယ် ဆုံးဖြတ် တဲ့ အခါ မှာ သင့် အနေ နဲ့ ရွေး ချယ် နိုင် တာ တွေ အား လုံး ကို သိ ထား ဖို့ လို အပ် ပါ တယ်။ ဆုံးဖြတ် ချက် ချ တဲ့ အခါ မှာ သိရှိ နား လည် တဲ့ ဆုံး ဖြတ် ချက် ကို ချ ပါ။
- လတ် တလော ပြု လုပ် လိုက် တဲ့ ဆုံး ဖြတ် ချက် တွေ ကို ပြောင်း လဲ လို့ လဲ ရ ပါ တယ်။ တချို့ ဆုံး ဖြတ် ချက် တွေ မိသားစု အ ဖို့ ဒီ ကနေ့ အတွက် အဆင်ပြေပေ မဲ့ နောင် နှစ် ပိုင်း တွေ အတွက် အဆင် မပြေ တာ လဲ ဖြစ် လာ နိုင် ပါ တယ်။
- မိသား စု အတွက် အသင့်တော် ဆုံး ဖြစ် မည့် ကြိုတင် ဆောင် ရွက် မှု ကို ရှာ ဖွေ ရွေး ချယ်ပါ။ ဆိုင် တွေ ကို သွား ပြီး ဆိုင် က အမှုထမ်း တွေ ကို သွား တွေ့ ပါ၊ စကား ပြော ပါ။ သင် ရဲ့ ဘ၀ မှာ ဒီ လူ တွေ က အရေး ကြီး တဲ့ နေ ရာ မှာ ပါ ဝင် လာ မှာဖြစ် လို့ သူ တို့ နဲ့ ခင် မင် မှု ရှိ နေ ရင် သင့် အတွက် သူ တို့ နဲ့ ယုံ ကြည် စိတ် ချ စွာ ပြော ဆို ဆက် ဆံ နိုင် ပါ တယ်။

# မြို့ နှင့် ဝေး သော နေ ရာ တွင် နေ ထိုင် သော တော ရွာ မိသား စု များ

မြို့ နဲ့ ဝေး လံ သည့် နေ ရာ တွေ မှာ နေ တဲ့ မိသား စု တွေ အတွက် ပြဿနာ အများ ကြီး ရှိ ပါ တယ်။ ဆရာ ဝန် များ အထူး ကု များ နှင့် သွား ရောက် ပြ သ ဖို့ နား သောတ အာ ရုံ ဝန်ဆောင်မှု များ ရ ရှိ နိုင် ဖို့ ခရီး အဝေး ကြီးသွာ ရ မှာ ဖြစ် ပါ တယ်။ အလုပ်အကိုင် တဖက်၊ တခြား ခလေး တွေ ကို ကြည့် ဖို့ တဖက် နဲ့ ခလေး ငယ် လေး တဖက် ဆို တော့ ပို ပြီး အခက် အခဲ ရှိ ပါ တယ်။ ခလေး နဲ့ တခါ ထွက် ပြီး ပြန် ရောက် တာ နဲ့ နောက် တခေါက် ပြန် ထွက် ရ မလို ဖြစ် နေ ပါ တယ်။

ဒါ တွေ ဟာ အချိန် ကြာ လာ တာ နဲ့ အမျှ ရက် ချိန်း တွေ က နဲ လာ မှာဖြစ် ပါ တယ်။ နောက် ပိုင်း မှာ အိမ် နဲ့ နီး တဲ့ *Australian Hearing Centre* ဗဟိုဌာ န ကို သွား နိုင်မှာ ဖြစ် ပါ တယ်။ ငွေ ကြေး ကုန် ကျ မှု သက် သာ အောင် အစီ အစဉ်တွေ ရှိ ပါ တယ်။ မိမိ နဲ့ သက် ဆိုင် တဲ့ ပြည် နယ် မှာ ရှိ တဲ့ ဆရာ ဝန်၊ အထူး ကု များ၊ ဆေး ရုံ မှ လူ မှု ဖူလုံ ရေး ဝန်ထမ်း များ ကို ငွေကြေး အကူ အညီ အကြောင်း၊ ခရီး နှင့် တည်း ခို စရိတ် အကူ အညီ များ အကြောင်း ကို မေး မြန်း စုံ စမ်း နိုင် ပါ တယ်။

သတိထားပြီး ခရီး သွား ပါ။ စိတ် သောက ဖိ စည်း နေ ရ င် ကား မမောင်း ပါ နှင့်။ ဖြစ် နိုင် ရင် ညအိပ် ည နေ နား ခို ပြီး မှ နောက် တနေ့ အိမ် ပြန် ဖို့ အနား ဖြေ ပြီး မှ ကား မောင်း ရ င် ခလေး အတွက် ရော လူ ကြီး အတွက် ပါ အကျိုး ရှိ ပါ မည်။

စီး စနစ် တကျ ရှိ သမျှ အကြောင်း အရာ တွေ ကို တနေ ရာ ထဲ မှာ ဘဲ သိမ်း စည်း ထား ပါ။ လက်မှတ် ထိုး ပေး ရ မည့် ဖေါင် ပုံ စံ များ ကို မမေ့ ပါ နှင့်။ မေး လို တဲ့ မေး ခွန်း အား လုံး ကို ရေး ချ ထား ပါ။ ဆရာ ဝန် များ အထူး ကု များ အတင်း လော လျှင် အလော မခံ ပါ နှင့်။ ခရီး အဝေး ကြီး ကနေ သူ တို့ ကို လာ တွေ့ ရ တာ ဖြစ် လို့ – လာ ရ တဲ့ ခရီး တန် အောင် တွေ့ ပါ။

ရက်ချိန်း တွေ ကို သင့် အတွက် နှင့် မိသား စု အတွက် လွယ် ကူ အောင် စီ စဉ် ပါ။ သောကြာ နေ့ ည နေ သို့ မဟုတ် တနင်္လာ နေ့ည နေ ရက် ချိန်း စီ စဉ် နိုင် ရင် မိ သား စု အတွက် ပို ပြီး သက် သာ နိုင် ပါ တယ်။

သင် တို့ ရဲ့ အရေး ကို စိတ် ဝင် စား သူ တွေ ဟာ သင့် ကို လို အပ် လျှင် ကူ ညီပေး ဖို့ အဆင် သင့် ရှိ နေ မည်။ အကူ အညီ လို အပ် လာ လျှင် သူ တို့ ကို တောင်း ပါ တချိန် တခါ မှာ သူ တို့ ကို ပြန်ပြီး ကူ ညီ နိုင် တဲ့ အခွင့် အရေး ပြန် ပေါ် လာ နိုင် ပါ တယ်။

# သင် တယောက် ထဲ မဟုတ် ပါ ဘူး

တချို့ မိဘ များ က ခလေးများ နား မကြားရောဂါ ရှိ တယ် လို့ သိ ရ တာ နဲ့ ကိုယ် ဟာ တယောက် ထဲ ဖြစ် နေ ပါ လား ဆို တဲ့ ခံ စားချက် မျိုး ခံ စား ရ ပါ တယ်။ သင်တယောက် ထဲ မဟုတ် ပါ ဘူး။ သင် ကဲ့ သို့ သော မိ သား စု များ လည်း သင့် ရှေ့ တွင် ဒီခရီး လမ်း ကို လျှောက် ခဲ့ ပြီး ပါ ပြီ -- သူ တို့ က လည်း အခြား ဘဝတူ မိဘ များ နဲ့ အဆက် အသွယ် ပြု လုပ် ဖို့ ဘယ် လောက် အရေး ကြီး သလဲ ဆို တာ ကို သိ နေကြ ပါ တယ်။

အခြားမိဘ တွေ ကို ဘယ် မှာ ရှာ မှာ လဲ။ နား သောတအာ ရုံ ကြောအထူး ပညာရှင်များ က နေ တဆင့် အခြား မိဘ များ နဲ့ တွေ့ ဆုံ လို ကြောင်း စုံ စမ်း နိုင်ပါ တယ်။ ကြို တင် စီစဉ် ဆောင် ရွက်မှု ပြု လုပ် ခြင်း သည် လည်း  သင့် အတွက် အထောက် အကူ နှင့် မိတ် ဆွေ များ ရ ရှိ ဖို့ အကောင်း ဆုံး နေ ရာ ဖြစ် သည်။ ပြည် နယ် တိုင်း မှာ လဲ နား မကြား မိဘ များ အဖွဲ့ အစည်း များ က ခလေး အရွယ် အမျိုး မျိုး အတွက် အကူ အညီ အထောက် အပံ့ ပေး သည့် အဖွဲ့ များ ရှိ သည်။ ကွန်ပျူတာ online အဖွဲ့ မှ တဆင့် မိသား စု များ သည် အထောက် အပံ့ များ၊လက်တွေ့ ကျ သည့် အကြံဉါဏ် များ ကို နေ့စဉ် နား မကြား သည့် ခလေး များ နှင့် ရင် ဆိုင် နေ ရ သည့် အခြား မိသား စု များ က နေ  ရရှိ နိုင် ပါ သည်။

သင် သည် အခြား မိဘ များ ထံ မှ များ စွာ ပညာ အတွေ့ အကြုံ အကြံ အဉါဏ် များ ရ ရှိ နိုင် သည်။  သူ တို့ ၏ အတွေ့ အကြုံ များ စွာ နှင့် သူ တို့ အသိပညာ များ က သင့် အဖို့ အကျိုး ဖြစ် နိုင် သည်။  အခြား မိ ဘ များ က လည်း သင်ရဲ့ အတွေ့ အကြုံ – အခြား သူများ မတွေ့ ကြုံ ဘူး သည် များ မှ သင် ၏ အ ထင် အမြင် များ ပြန် ပြီး ပညာ ယူ နိုင် ပါ တယ်။ သင် တယောက် ထဲ မဟုတ်ပါ ဘူး။

# အသိအမှတ် ပြု ခြင်း

**SWISH Parent Information Package Working Party**

| | |
|---|---|
| Monica Wilkinson | Sydney Children's Hospital, Chair |
| Rose Douglas | Children's Hospital, Westmead |
| Deborah Friend | SWISH Social Worker, JHH |
| Andrew Geyl | John Hunter Hospital |
| Jenny Havyatt | SWISH Social Worker, CHW |
| Pat Mutton | Deafness Centre, CHW |
| Ann Porter | Aussie Deaf Kids |
| Leigh-Erin Radford | SWISH, NSW Health |
| Sue Rayner | North Shore Deaf Children's Association |
| David Starte | Hearing Support Centre, SCH |
| Monica Summers | Jim Patrick Audiology Centre, RIDBC |
| Heidi Taylor | SWISH Social Worker, SCH |
| Marlena Samphier | Speech & Language Student, University of Sydney |